## နိဒါန်း

*__ဟီဘရူး__ ဟူသောအမည်မှာ __ပါလက်စတိုင်း__ပြည်တွင်နေထိုင်ကြသည့် __ဂျူး__လူမျိုးများ မှည့်ခေါ်သော အမည်ဖြစ်၏။ ဤကျမ်းသည် ခရစ်တော်၏နောက်လိုက်များဖြစ်ကြသောကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းများနှင့် ဥစ္စာပစ္စည်းများ သိမ်းယူခြင်းကိုခံကြရ၍ မိမိတို့အပေါ် ဆန့် ကျင်အတိုက်အခံပြုမှုများ တိုးပွားများပြားလာသဖြင့် ဘာသာတရားကို စွန့်လွှတ်မည့်ဆဲဆဲဖြစ်နေသော ခရစ်ယာန်ဘာသာဝင်တို့ထံသို့ ဤစာစောင်ကို ရေးသားခဲ့ခြင်းဖြစ်၏။ ၎င်းကို ခရစ်သက္ကရာဇ် ၆၆ခုနှစ်တွင် __ရောမမြို့__၌ ရေးသားခဲ့ခြင်းဖြစ်ပြီး __ပေါလု__ကိုယ်တိုင် ရေးသားသည် မဟုတ်ဘဲ၊ သမ္မာကျမ်းစာတတ်ကျွမ်းသူ __အပိုလို__ဖြစ်နိုင်ဟန်ရှိကြောင်းကို တမန်တော်ဝတ္ထု အခန်းကြီး ၁၈ ငယ်၂၄ မှ ၂၈တွင် ဖော်ပြထား၏။*

*ဤကျမ်းတွင် __ပေါလု__ တွေးခေါ်ယူဆချက်များဖြင့်ပေါ်လွင်ထင်ရှားအောင် ရေးသားထားခြင်းဖြစ်၏။ ကျမ်းစာရေးသူက ဤကျမ်းတွင် ခရစ်တော်__ယေရှု__သည် ဘုရားသခင်၏နောက်ဆုံးသော ဗျာဒိတ်တော် အစစ်အမှန်ဖြစ်ကြောင်းကိုဖော်ပြလျက် ထိုလူစုကို ယုံကြည်ခြင်း၌အားပေး၍ရေးသားထားသည်။ ယင်းတို့ တင်ပြရာတွင်အမှန်တရားသုံးပါးကို အလေးအနက်ထား၍ တင်ပြပေသည်။ ယင်းတို့မှာ (၁)သခင်__ယေရှု__သည် ဒုက္ခရစရိယနာခံတော်မူခြင်းအားဖြင့် ခမည်းတော်ဘုရားအား စစ်မှန်သောနာခံခြင်းကို သင်ယူခဲ့သော ထာဝရသားတော်ဖြစ်ကြောင်း၊ ဘုရားသခင်၏ သားတော်အဖြစ် ကိုယ်တော်သည်ဓမ္မဟောင်းကျမ်းရှိပရောဖက်များ၊ ကောင်းကင်တမန်များနှင့် __မိုးဇက်__တို့ထက်သာ၍ မြတ်တော်မူကြောင်း (၂)သခင်__ယေရှု__သည်ဓမ္မဟောင်းကျမ်းရှိ ယဇ်ပုရောဟိတ်ရဟန်းများထက်သာ၍ ကြီးမြတ်သည့် ထာဝရယဇ်ပုရောဟိတ်ဖြစ်တော်မူကြောင်း၊ (၃)ယုံကြည်သူတို့သည် သခင်__ယေရှု__အားဖြင့် အပြစ်ဒုစရိုက်၊ ကြောက်စိတ်နှင့် သေခြင်းတရားတို့မှ လွတ်မြောက်ခွင့်ကို ရရှိကြကြောင်း၊ __ဂျူဒ__ဘာသာကိုးကွယ်မှု ဆိုင်ရာထုံးတမ်းစဉ်လာများနှင့် ယဇ်ကောင်ပူဇော်ခြင်းများသည် ကယ်တင်ခြင်းတရားကို ထောက်ပြရုံသာထောက်ပြနိုင်ပြီး သခင်__ယေရှု__သည်သာလျှင် ယဇ်ပုရောဟိတ်ရဟန်းအဖြစ် ကယ်တင်ခြင်းတရားအစစ်အမှန်ကို ပေးပိုင်သောအရှင်ဖြစ်တော်မူကြောင်းတို့ကို ဖော်ပြထားသည်။*

*စာရေးသူသည် __အစ္စရေးလ်__သမိုင်းတွင်ထင်ပေါ်ကျော်စောသော ပုဂ္ဂိုလ်တစ်ချို့တို့၏ ဘုရားသခင်၌ယုံကြည်ခြင်းကိုဥပမာပေးရာ၌ (အခန်း၁၁)တွင် စာဖတ်သူတို့သည် ကိုယ်တော်အား ဆက်လက် သစ္စာရှိကြရန် (အခန်း–၁၂)တွင် သခင်__ယေရှု__အားမျက်ခြေမပြတ်စေဘဲ အဆုံးတိုင်အောင် ဆက်လက်သစ္စာရှိကြရန်နှင့် မိမိတို့ကြုံတွေ့ရမည့်ဆင်းရဲဒုက္ခများ၊ ညှဉ်းပန်းနှိပ်စက်ခြင်းများကို ခံနိုင်ရည်ရှိကြရန် တိုက်တွန်းထား၏။ ထို့နောက် အကြံပေးစကားများ သတိပေးစကားများနှင့် နိဂုံးချုပ်ရေးသားထားလေ၏။*

### *အကြောင်းအရာအကျဉ်းချုပ်*


- *နိဒါန်းဘုရားသခင်၏ဗျာဒိတ်တော်ကိုပြည့်စုံစွာဖော်ပြတော်မူသည့်ခရစ်တော်အကြောင်း ၁း၁–၃*
- *ခရစ်တော်သည်ကောင်းကင်တမန်များထက်သာ၍ကြီးမြတ်တော်မူကြောင်း ၁း၄–၂း၁၈*
- *ခရစ်တော်သည်မိုးဇက်နှင့်ဂျောရှုအာတို့ထက်သာ၍ ကြီးမြတ်တော်မူကြောင်း ၃း၁–၄း၁၃*
- *ခရစ်တော်၏ ယဇ်ပုရောဟိတ် ရဟန်းအဖြစ်သည်သာ၍ကြီးမြတ်ခြင်း ၄း၁၄–၇း၂၈*
- *ခရစ်တော်၏ပဋိညာဉ်တော်သည်သာ၍ ကြီးမြတ်ခြင်း ၈း၁–၉း၂၈*
- *ခရစ်တော် ပူဇော်သည့် ယဇ်သည်သာ၍ကြီးမြတ်ခြင်း ၁၀း၁–၃၉*
- *ယုံကြည်ခြင်းသည်အဓိကဖြစ်ခြင်း ၁၁း၁–၁၂း၂၉*
- *နောက်ဆုံးတိုက်တွန်းနှိုးဆော်ချက်များနှင့်နိဂုံး ၁၃း၁–၂၅*


# ဟီဘရူးဩဝါဒစာ

## အခန်းကြီး (၁)

၁။ လွန်ခဲ့ပြီးသော ရှေးခေတ်ကာလ၌၊ ဘုရားသခင်သည်
ငါတို့ ဘိုးဘေးတို့အား ပရောဖက်များအားဖြင့်
ကြိမ်ဖန်များစွာ နည်းအမျိုးမျိုးဖြင့် ဗျာဒိတ်ပေး
၂။ တော်မူခဲ့၏။ သို့ရာတွင် ဤနောက်ဆုံးသော ငါတို့
ခေတ်ကာလ၌ဘုရားသခင်သည် သားတော်အားဖြင့်
ငါတို့အား ဗျာဒိတ်ပေးတော်မူ၏။ ကိုယ်တော်သည်
ထိုသားတော်ကို အရာခပ်သိမ်းတို့၏ အမွေခံအဖြစ်
ခန့်ထားတော်မူ၍ သားတော်အားဖြင့် စကြဝဠာတစ်ခု
လုံးကိုဖန်ဆင်းတော်မူ၏။

၁

၃။ ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတန်ခိုး
ရောင်ခြည်တော်နှင့် ထွန်းတောက်ကာ၊ ဘုရားဇာတိ
အဖြစ်တော်၏ ပကတိပုံသဏ္ဍာန် ဖြစ်တော်မူ၏။
မိမိ၏ စွမ်းအားတန်ခိုးတော်၏ အမိန့်တော်အားဖြင့်
စကြဝဠာကို တည်ရှိစေတော်မူ၏။ ကိုယ်တော်
သည် လူသားတို့၏အပြစ်များအတွက် သန့်ရှင်းစင်
ကြယ်ခြင်းကိုပြုတော်မူပြီးနောက် ကောင်းကင်ဘုံ
တွင်၊ အနန္တတန်ခိုးတော်ရှင် ဘုရားသခင်၏ လက်
၄။ ယာတော်ဖက်၌စံပယ်တော်မူ၏။ သားတော်သည်
ကောင်းကင်တမန်တော်တို့ ရရှိသော ဘွဲ့နာမထက်
ထူးမြတ်သောဘွဲ့နာမတော်ကိုခံရသဖြင့် ကောင်းကင်
တမန်တော်တို့ထက်ကြီးမြတ်သော သူဖြစ်တော်မူ၏။
၅။ ဘုရားသခင်သည် မည်သည့်ကောင်းကင်တမန်တော်
အား၊ သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို
ငါဖြစ်ပေါ်စေပြီ ဟူ၍လည်းကောင်း၊ မည်သည့်
ကောင်းကင်တမန်တော်အား ငါသည် သူ၏အဖဖြစ်
၏။ သူသည်လည်း ငါ၏သားဖြစ်ရလိမ့်မည်ဟူ၍
၆။ မိန့်တော် မူခဲ့ဖူးသနည်း။ တဖန်ဘုရားသခင်သည်၊
မိမိ၏သားဦးကို၊ ဤလောကသို့ စေလွှတ်တော်မူ
သောအခါ၊ ကောင်းကင်တမန်တော် အပေါင်းတို့
သည်၊ ထိုသူ့ကို ရှိခိုးဝတ်ပြုကြရစေဟု မိန့်တော်
၇။ မူ၏။ ကောင်းကင်တမန်တော်များနှင့် ပတ်သက်၍
ကျမ်းစာတော်၌ တွေ့ ရှိရသည်မှာ၊ ဘုရားသခင်သည်
ကောင်းကင်တမန်တော်များကို၊ လေကဲ့သို့ဖြစ်စေ
တော်မူ၍ မိမိအစေခံတို့ကို မီးလျှံများကဲ့သို့ ဖြစ်စေ
၈။ တော်မူ၏ဟူ၍တည်း၊ သို့သော် သားတော်အကြောင်း
နှင့် ပတ်သက်၍ကျမ်းစာတော်၌ဖတ်ရှုရသည်ကား၊
အို ဘုရားသခင်၊ ကိုယ်တော်၏ ပလ္လင်တော်သည်
ထာဝစဉ်တည်မြဲပါ၏။ တရားမျှတစွာ စီရင်အုပ်ချုပ်
သော နိုင်ငံသည်လည်း ကိုယ်တော်၏ နိုင်ငံတော်
ဖြစ်ပါ၏။
၉။ ကိုယ်တော်သည် ဖြောင့်မတ်ခြင်း တရားကို နှစ်သက်
တော်မူ၍ မတရားသော အမှုကို မုန်းတီးတော်မူ၏။
ထို့ကြောင့် ကိုယ်တော်၏ ဘုရားတည်းဟူသော
ထာဝရဘုရားသည်၊ ကိုယ်တော်ကို ကိုယ်တော်၏
အပေါင်းအဖော်တို့ထက်ပို၍ချီးမြှောက်ပြီးဝမ်းမြောက်
ခြင်းဆီနှင့်ဘိသိတ်ပေးတော်မူ၏ဟူ၍ ဖြစ်သတည်း။
၁၀။ တဖန် ကျမ်းစာတော်၌ ရေးသားထားသည်ကား၊ အို
ထာဝရဘုရား ကိုယ်တော်သည် အစမူလကပင်
ကမ္ဘာမြေကြီးကိုဖန်ဆင်းထားတော်မူပြီး ကောင်းကင်
သည်လည်းကိုယ်တော်၏လက်ရာတော်ဖြစ်တော်မူ၏
ထိုအရာအားလုံးတို့သည်ပျက်စီးယိုယွင်းသွားကြမည်
ဖြစ်သော်လည်း၊ ကိုယ်တော်အရှင်မူကား၊ အစဉ်အမြဲ
၁၁။ တည်ရှိတော်မူ၏။ ထိုအရာအားလုံးတို့သည် အဝတ်
အထည်များကဲ့သို့ဟောင်းနွမ်းသွားကြလိမ့်မည်။
၁၂။ ကိုယ်တော်သည် ထိုအရာရှိသမျှတို့ကို၊ ဝတ်လုံတစ်ခု
ကဲ့သို့ ခေါက်သိမ်း၍ ပြောင်းလဲပေးတော်မူလိမ့်မည်။
သို့ရာတွင် ကိုယ်တော်မူကား ပြောင်းလဲတော်မမူဘဲ
အစဉ်တည်ရှိတော်မူ၏။ ကိုယ်တော်၏ အသက်တော်
သည်လည်း မည်သည့်အခါမျှ ကုန်ဆုံးခြင်းမရှိဟူ၍
၁၃။ လာသတည်း။ ထို့အပြင် သင်၏ ရန်သူတို့ကို
ခြေတင်ရာခုံအဖြစ် သင်၏ခြေဖဝါးအောက်သို့ ငါမချ
ထားမီတိုင်အောင် ငါ၏လက်ယာဖက်တွင် ထိုင်နေ
လော့ဟု ဘုရားသခင်သည် မည်သည့် ကောင်းကင်
တမန်တော်ကိုမျှမိန့်တော်မမူခဲ့ဖူးပေ။
၁၄။ ကောင်းကင်တမန်တော်တို့သည်ကား ကယ်တင်ခြင်း
ကျေးဇူးကိုအမွေခံမည့်သူများအား ပြုစုစောင့်ရှောက်
ရန်၊ ဘုရားသခင်စေလွှတ်တော်မူသည့် အမှုတော်
ဆောင်ဝိညာဉ်များဖြစ်ကြသတည်း။

၂

## အခန်းကြီး(၂)

၁။ ထို့ကြောင့် ငါတို့သည်၊ တရားလမ်းမှ လွဲချော်
မသွားစေရန်၊ ငါတို့ ကြားနာခဲ့ရသည့် ဒေသနာ
တော်ကို စိတ်နှလုံးထဲ၌ ပို၍စွဲမြဲစွာ မှတ်သားထား
၂။ ကြရမည်။ အကယ်၍ ကောင်းကင်တမန်တော်များမှ
တစ်ဆင့်ပေးသော တရားတော်သည် ခိုင်လုံမှန်ကန်
သော တရားဖြစ်ပါလျှင် ပြစ်မှားကျူးလွန်ခြင်းနှင့်
မနာခံခြင်း ရှိသမျှတို့သည်ထိုက်သင့်သောအပြစ်ဒဏ်
၃။ ကိုခံကြရ၏။ ငါတို့သည်ဤမျှထူးမြတ်သော ကယ်
တင်ခြင်းကိုလစ်လျူရှုကြပါလျှင် မည်ကဲ့သို့လွတ်
မြောက်ကြပါမည်နည်း။ အစဦး၌ ဘုရားသခင် ကိုယ်
တော်တိုင် ဤတရားတော်ကို ဟောကြားတော်မူခဲ့၍၊
ဒေသနာစကားကို ကြားနာခဲ့ကြသော သူတို့သည်
ငါတို့အား ထိုတရားတော် မှန်ကန်ကြောင်းသက်သေ
၄။ ခံကြ၏။ ထိုသူတို့၏ သက်သေခံချက်များကို၊
ဘုရားသခင်သည်၊ နိမိတ်လက္ခဏာများ၊ အံ့ဩဖွယ်
ရာများနှင့် ထူးဆန်းသောတန်ခိုးလက္ခဏာ အမျိုးမျိုး
တို့ကို ပြတော်မူခြင်းအားဖြင့်လည်းကောင်း၊ အထူး
သဖြင့် မိမိအလိုတော်အတိုင်း ဝေငှတော်မူသော

ဝိညာဉ်တော်ဘုရား၏ ကျေးဇူးတော်အားဖြင့် လည်း
ကောင်း အတည်ပြုသက်သေခံတော်မူ၏။

## ကယ်တင်ခြင်းသို့ပို့ဆောင်သူ

၅။ ဘုရားသခင်သည် ငါတို့ပြောဆိုနေသော နောင်လာ
မည့် ကမ္ဘာသစ်ကိုအုပ်စိုးရန်၊ ကောင်းကင်တမန်
၆။ တော်တို့အား၊ အာဏာပေးအပ်တော်မမူ။ ကျမ်းစာ
တော်တစ်နေရာ၌ သက်သေခံသည်ကား၊ လူသည်
မည်ကဲ့သို့သောသူဖြစ်၍ ကိုယ်တော်သည် သူ့ကို
အောက်မေ့တော်မူရပါသနည်း။ သာမန်လူသားသည်
မည်ကဲ့သို့သောသူဖြစ်၍၊ ကိုယ်တော်သည် သူ့အား
အရေးပေး တော်မူရပါသနည်း။
၇။ ကိုယ်တော်သည် သူ့အား ခေတ္တမျှသာကောင်းကင်
တမန်တော်တို့ထက်၊ နိမ့်ကျစေတော်မူ၍ ဘုန်းဂုဏ်
၈။ တော်နှင့် သရဖူဆောင်းစေတော်မူ၏။ ကိုယ်တော်
သည်သူ့အား ခပ်သိမ်းသော အရာတို့ကိုအုပ်စိုးခွင့်
ပေးတော်မူသည်ဟုဖော်ပြထား၏။ ကိုယ်တော်သည်
သူ့အားခပ်သိမ်းသော အရာတို့ကို အုပ်စိုးစေတော်မူ
ရာ၌၊ သူ၏ အုပ်စိုးခြင်းမခံရသည့်အရာ တစ်စုံတစ်ခု
မျှမရှိဟုဆိုလိုသည်။ ယခုအချိန်၌ ခပ်သိမ်းသော
အရာတို့အပေါ် သူ၏အုပ်စိုးမှု ရှိသည်ကို ငါတို့မမြင်
၉။ ကြရသေးပေ။ သို့သော်၊ ခရစ်တော် **ယေရှု**သည်
ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်လူအပေါင်းတို့
အတွက် အသက်တော်ကိုစွန့်နိုင်ရန်၊ ကောင်းကင်
တမန်တော်တို့ထက် ခေတ္တမျှ နိမ့်ကျခြင်းခံရပြီး
အသေခံတော်မူသောကြောင့်၊ ဘုန်းဂုဏ်တော်နှင့်
၁၀။ ပြည့်ဝလျက်ရှိသည်ကို ငါတို့မြင်ကြ၏။ အကြောင်း
မူကား ခပ်သိမ်းသောအရာတို့ တည်ရှိခြင်း၏
အကြောင်းရင်းဖြစ်တော်မူသော ဘုရားသခင်သည်
မိမိ၏ သားသမီးတို့အား ဘုန်းစည်းစိမ်ခံစားစေလို
တော်မူ၍သူတို့၏ ကယ်တင်ခြင်းကိုရှေ့ဆောင်လမ်း
ပြတော်မူသောသူအား ဒုက္ခဆင်းရဲခံထမ်းစေခြင်း
အားဖြင့် စုံလင်ခြင်းသို့ ရောက်စေသည်မှာ သင့်တော်
၁၁။ လှပေ၏။ သန့်ရှင်းစေတော်မူသောသူနှင့်သန့်ရှင်းမွန်
မြတ်ခြင်းခံရသောသူများတို့သည်တစ်ပါးတည်းသော
မူလအစမှဖြစ်လာကြ၏။ ထို့ကြောင့် သန့်ရှင်းမွန်
မြတ်စေတတ်သော သူသည် သန့်ရှင်းမွန်မြတ်
စေအပ်သောသူတို့ကို ညီအစ်ကိုဟူ၍ ခေါ်ခြင်းငှာ
ရှက်ကြောက်တော်မမူ။
၁၂။ ကျမ်းစာတော်တွင်၊ အို သခင်ဘုရား ကျွန်ုပ်သည်
ကိုယ်တော်၏ နာမတော်ကို ကျွန်ုပ်၏ညီအစ်ကိုများ
အားဟောပြော၍ ယုံကြည်သူလူစုထဲတွင် ကိုယ်တော်
ကို ချီးမွမ်းကျူးပါမည်ဟု လာသတည်း။
၁၃။ တစ်ဖန်ကျမ်းစာတော်၌၊ ငါသည် ဘုရားသခင်ကို
ယုံကြည် ကိုးစားမည်။ ငါမှစ၍ ငါ့အား ဘုရားသခင်
ပေးထားတော်မူသောသားသမီးတို့သည်ယခုရောက်ရှိ
၁၄။ လာကြပြီဟုရေးသားထားလျက်ရှိ၏။ ထိုသား၊သမီး
တို့သည်တူညီသည့် တစ်ခုတည်းသော၊ သွေးသား
သဘာဝကို ခံယူသူများဖြစ်သောကြောင့်၊ ခရစ်တော်
**ယေရှု**သည်လည်း သွေးသားသဘာဝရှိသူအဖြစ်ကိုခံ
ယူတော်မူ၏။ ထိုသို့ခံယူတော်မူခြင်းမှာ ခရစ်တော်
သည် အသေခံတော်မူခြင်းဖြင့်၊ သေခြင်းကို စိုးမိုးနေ
သော နတ်ဆိုး၏တန်ခိုးအာဏာကို အောင်မြင်တော်
၁၅။ မူရန်ဖြစ်၏။ ဤသို့ဖြင့် ကိုယ်တော်သည်သေခြင်း
တရားကို ကြောက်ရွံ့၍တစ်သက်လုံးကျွန်ခံနေရသော
သူတို့ကို လွတ်မြောက်စေတော်မူ၏။
၁၆။ ခရစ်တော်သည် ကောင်းကင် တမန်တော်များအား
ကူညီမစရန်မဟုတ်၊ **အာဗြဟံ**၏ သားစဉ်မြေး
ဆက်တို့အား ကူညီမစရန်ကြွလာတော်မူ၏။
၁၇။ ထို့ကြောင့် ကိုယ်တော်သည် လူတို့၏ အပြစ်များ
အတွက် အပြစ်ဒဏ်ဆပ်ဖြေပေးခြင်းများ ပြုလုပ်၍
ဘုရားသခင်နှင့်ဆိုင်သော အမှုတော်အသီးသီး၌၊
ကရုဏာ၊သစ္စာနှင့် ပြည့်စုံသော ယဇ်ပုရောဟိတ်
ရဟန်းဖြစ်အံ့သောငှာ အရာရာ၌၊ မိမိညီအစ်ကိုများ
၁၈။ နှင့် တူညီရခြင်းဖြစ်၏။ အကြောင်းမူကားကိုယ်တော်
သည် ဆင်းရဲဒုက္ခနှင့်စုံစမ်းနှောင့်ယှက် ခြင်းကိုကိုယ်
တော်တိုင်ခံခဲ့ရသဖြင့်၊ စုံစမ်းနှောင့်ယှက်ခြင်းခံရ
သော သူတို့အား ကူညီမစပေးနိုင်စွမ်းရှိတော်မူ၏။

## အခန်းကြီး(၃)

## မိုးဇက်ထက်အစေခံ
## ခရစ်တော်သည်သားတော်

၁။ သို့ဖြစ်၍ ကောင်းကင်မှ ခေါ်တော်မူခြင်းကျေးဇူးကို
ခံစားကြရသည့်သန့်ရှင်းသောညီအစ်ကိုတို့၊ ငါတို့
ဝန်ခံကြသော တမန်တော်နှင့် ရဟန်းချုပ်တည်းဟူ
သော ခရစ်တော်**ယေရှု**၏ အကြောင်းကို အောက်
၂။ မေ့ဆင်ခြင်ကြလော့။ **မိုးဇက်**သည် ဘုရားသခင်၏
အိမ်တော်၌ သစ္စာရှိသကဲ့သို့၊ ခရစ်တော်**ယေရှု**
သည်၊ မိမိအားရွေးကောက်တော်မူသောဘုရားသခင်
၃။ အပေါ်သစ္စာရှိတော်မူ၏။ အိမ်ကိုဆောက်သောသူ

သည်၊ အိမ်ထက်ပို၍ ဂုဏ်ပြုခြင်းခံထိုက်သကဲ့သို့
သခင်**ယေရှု**သည်လည်း**မိုးဇက်**ထက်ပို၍ပင် ဂုဏ်ပြု
၄။ ချီးမြှင့်ခြင်းကို ခံထိုက်သူဖြစ်တော်မူတော်မူ၏။ အိမ်
တိုင်းသည်တစ်စုံတစ်ယောက်၏ တည်ဆောက်ခြင်းခံ
ရသကဲ့သို့၊ အရာခပ်သိမ်းကိုတည်ဆောက်သော သူမူ
ကား၊ ဘုရားသခင်ဖြစ်တော်မူ၏။
၅။ **မိုးဇက်**သည် အနာဂတ်တွင်ဖေါ်ပြလတ္တံ့သောဗျာဒိတ်
တော်ဟူသမျှကိုသက်သေခံခြင်းငှာ၊ အစေခံအဖြစ်၊
ဘုရားသခင်၏အိမ်တော်၌ သစ္စာရှိခဲ့လေ၏။
၆။ ခရစ်တော်မူကား၊ ဘုရားသခင်၏အိမ်တော်ကိုစိုးပိုင်
ရသောသားတော်အနေဖြင့် သစ္စာရှိတော်မူ၏။ ငါတို့
သည်လည်းမျှော်လင့်ခြင်း၌ ယုံကြည်ခြင်းနှင့်ဝမ်း
မြောက်ဂုဏ်ယူခြင်းကို အဆုံးတိုင်တည်ကြည်စွာစွဲမြဲ
ကြပါလျှင် ငါတို့သည် ကိုယ်တော်၏အိမ်တော်
၇။ ဖြစ်ကြ၏။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်
ဘုရား မိန့်တော်မူသည်မှာ ယနေ့တွင်၊ သင်တို့သည်
ဗျာဒိတ်တော်အသံကိုကြားကြလျှင်၊ စုံစမ်းသောနေ့
၈။ တွင်တောကန္တာရ၌ ငါ့ကိုပုန်ကန်သော သူများကဲ့သို့၊
၉။ စိတ်နှလုံးတင်းမာ၍ မထားကြနှင့်။ သင်တို့၏
ဘိုးဘေးများသည်၊ အနှစ်လေးဆယ်ပတ်လုံး၊ ငါ
ဆောင်ရွက်ချက်များတို့ကို တွေ့မြင်ခဲ့ကြသော်လည်း
၁၀။ ငါ့ကို ဆန့်ကျင်ပြု၍ စုံစမ်းခဲ့ကြ၏။ ထို့ကြောင့်
ငါသည် ထိုလူမျိုးဆက်အပေါ် အမျက်ထွက်သဖြင့်
မိန့်ဆိုခဲ့သည်မှာ သူတို့သည် စိတ်နှလုံးအစဉ်အမြဲ
လမ်းလွဲကြ၍ ငါ၏လမ်းတော်တို့ကို မသိကြချေ။
၁၁။ ထို့ကြောင့် သူတို့သည် ငါ၏သုခချမ်းသာသို့မည်
သည့်အခါမျှ ဝင်ကြရလိမ့်မည်မဟုတ်ဟုအမျက်တော်
၁၂။ ထွက်လျှက် ငါကျိန်ဆိုတော်မူခဲ့၏။ ညီအစ်ကိုတို့၊
သင်တို့တွင် တစ်ယောက်မျှ အသက်ရှင်တော်မူသော
ဘုရားသခင်ထံတော်မှ စွန့်ခွာသွားသည့်တိုင်အောင်၊
ဆိုးမိုက်၍ ယုံကြည်ခြင်းမဲ့သော စိတ်နှလုံး၊ မရှိစေ
၁၃။ ခြင်းငှါ သတိပြုကြလော့။ သင်တို့သည် အပြစ်ဒုစ
ရိုက်၏ လှည့်ဖြားခြင်းအားဖြင့် စိတ်နှလုံးမတင်းမာ
ကြစေရန်၊ ယနေ့ဟူသော အချိန်တည်သရွေ့၊ နေ့စဉ်
နေ့တိုင်းအချင်းချင်း တစ်ယောက်ကိုတစ်ယောက်
အားပေးနှိုးဆော်ကြလော့။
၁၄။ ငါတို့သည် အစပျိုးခဲ့သော မျှော်လင့်ခြင်း စိတ်ကို
သက်ဆုံး တိုင်တည်ကြည်ခိုင်မြဲစွာ ထားရှိလျှင် ခရစ်
၁၅။ တော်၌ ပါဝင်ကြသူများဖြစ်ကြ၏။ ယနေ့တွင်
သင်တို့သည် ဘုရားသခင်၏ အသံကိုကြားရလျှင်၊
ကိုယ်တော်အားသင်တို့ဘိုးဘေးများပုန်ကန်ခဲ့စဉ်အခါ
ကကဲ့သို့၊ တင်းမာသော စိတ်နှလုံး မထားကြနှင့်ဟု
၁၆။ ကျမ်းစာ၌လာသတည်း။ဘုရားသခင်၏အသံတော်ကို
ကြားပြီးမှ ပုန်ကန်သောသူများကား မည်သူများ
နည်း။ ထိုသူတို့ကား **အီဂျစ်**ပြည်မှ **မိုးဇက်**ထုတ်
ဆောင်လာသော သူအပေါင်းတို့ ဖြစ်ကြသည်မဟုတ်
၁၇။ လော။ နှစ်ပေါင်းလေးဆယ်ပတ်လုံး၊ ဘုရားသခင်၏
အမျက်တော်ထွက်သောသူတို့ကား မည်သူများနည်း၊
ဒုစရိုက်အပြစ်ကိုပြုသဖြင့် တောကန္တာရ၌လဲကျ
သေဆုံးသွားကြသော သူများပင် ဖြစ်ကြသည်မဟုတ်
၁၈။ လော။ သင်တို့သည်၊ ငါ၏သုခချမ်းသာသို့မဝင်ကြရ
ဟု ကျိန်ဆိုခြင်းခံရသော သူများကား မည်သူများ
၁၉။ နည်း။ ဘုရားသခင်၏ စကားကို မနာခံကြသောသူ
များပင် ဖြစ်ကြသည် မဟုတ်လော။ သို့ဖြစ်၍သူတို့
သည် ဘုရားသခင်ကို မယုံကြည် ကြသောကြောင့်
သုခ ချမ်းသာသို့ မဝင်နိုင်ကြကြောင်းကို ငါတို့
သိမြင်ကြ၏။

## အခန်းကြီး(၄)
## ကတိထားရာသုခချမ်းသာ

၁။ ထို့ကြောင့် သင်တို့သည် ဘုရားသခင်ကတိထား
တော်မူသော သုခချမ်းသာတော်သို့ဝင်ရန် ဖိတ်ခေါ်
ခြင်းခံရစဉ် သင်တို့တွင် အချို့တို့သည် မဝင်ဖြစ်ဘဲ
၂။ ကျန်ရစ်နေမည်ကို စိုးရိမ်ကြကုန်အံ့။ ဝမ်းမြောက်စ
ရာသတင်းကောင်းသည် ထိုသူတို့ထံသို့ ရောက်လာ
သကဲ့သို့ ငါတို့ထံသို့လည်းရောက်လာခဲ့ပြီ။ သို့သော်
ထိုသူတို့သည်ကြားရသောသတင်းစကားကိုယုံကြည်
ခြင်းနှင့် သက်သေမခံကြသောကြောင့် သတင်းစကား
၃။ သည် သူတို့အားအကျိုးမပေးချေ။ ငါတို့မူကား
ယုံကြည်သောကြောင့် ဘုရားသခင်သုခချမ်းသာ
တော်သို့ဝင်ရကြ၏။ ထိုသို့နှင့်အညီ ဗျာဒိတ်တော်
ကား၊ သူတို့သည် ငါ၏သုခချမ်းသာတော်သို့ မည်
သည့်အခါမျှဝင်ကြရမည်မဟုတ်ဟု အမျက်တော်
ထွက်လျှက် ငါကျိန်ဆိုသည်ဟု ကမ္ဘာလောကကို
ဖန်ဆင်းတော်မူ၍ ကိုယ်တော်သည် မိမိလုပ်ဆောင်
ရန်အမှုကိစ္စများ ပြီးဆုံးသွားသော်လည်း ဤစကား
၄။ ကို မိန့်တော်မူပေသည်။ အကြောင်းမူကား ခုနှစ်ရက်
မြောက်သောနေ့နှင့် ပတ်သက်၍ ကျမ်းစာ၌ရေးထား
သည်ကားဘုရားသခင်သည်မိမိဖန်ဆင်းခြင်းလုပ်ငန်း
အားလုံးပြီးစီးသဖြင့် ခုနှစ်ရက်မြောက်သောနေ့၌ ငြိမ်

၅။ ဝပ်စွာနေတော်မူ၏။ တဖန် ထိုကျမ်းပိုဒ်၌ကိုယ်တော်
မိန့်တော်မူသည်ကား၊ သူတို့သည် ငါ၏ငြိမ်ဝပ်ရာ
သုခချမ်းသာသို့မည်သည့်အခါမျှဝင်ရကြလိမ့်မည်
မဟုတ်ဟူ၍တည်း။
၆။ ထို့ကြောင့် အချို့တို့သည်ငြိမ်ဝပ်ရာသုခ ချမ်းသာသို့
ဝင်ရကြလိမ့်မည်။ ဝမ်းမြောက်ရာ သတင်းကောင်းကို
ပထမဦးစွာ ကြားနာခဲ့ရသော သူတို့သည်မယုံကြည်
ခဲ့ကြသောကြောင့် မဝင်ခဲ့ကြရချေ။
၇။ တစ်ဖန် ဘုရားသခင်သည် ယနေ့ဟူသော နေ့ရက်
တစ်ရက်ကို သတ်မှတ်ပေးတော်မူ၏။ ကျမ်းစာတော်
တွင်ဖော်ပြပြီးသည့်အတိုင်းကိုယ်တော်သည်နှစ်ပေါင်း
များစွာကြာသောအခါ **ဒေးဗစ်**မင်းအားဖြင့်ထိုနေ့ရက်
ကိုရည်ညွှန်း၍၊ သင်တို့သည်ဘုရားသခင်၏ အသံ
တော်ကို ယနေ့ကြားရလျှင်စိတ်နှလုံးတင်းမာခြင်းမရှိ
၈။ ကြနှင့်ဟုမိန့်တော်မူ၏။ အကယ်၍ **ဂျော့ရှု**အသည်
ထိုသူတို့ကို ငြိမ်းချမ်းသာယာစွာ နားစေခဲ့သည်မှန်
လျှင် ဘုရားသခင်သည် အခြားနေ့ရက်တစ်ရက်
အကြောင်းကို မိန့်မြွက်တော်မူမည်မဟုတ်။
၉။ ထို့ကြောင့် ဘုရားသခင်၏ လူမျိုးတော်အတွက် ငြိမ်း
ချမ်းသာယာစွာ နေထိုင်ရန် သတ္တမမြောက်သောနေ့
၁၀။ ကဲ့သို့ နေ့ရက်တစ်ရက်ရှိသေး၏။ အဘယ်ကြောင့်
ဆိုသော် ဘုရားသခင်သည် မိမိဖန်ဆင်းခြင်းလုပ်ငန်း
များပြီးစီးသောအခါ ငြိမ်းချမ်းသာယာစွာ နေတော်မူ
သည်နည်းတူ ထိုသုခချမ်းသာသော အရပ်သို့ဝင်
ကြသောသူတို့သည်လည်း မိမိတို့ လုပ်ဆောင်မှုပြီးစီး
၁၁။ ပြီဖြစ်၍ငြိမ်းချမ်းသာယာစွာ နေရကြ၏။ ထို့ကြောင့်
မယုံကြည်သူတို့ကဲ့သို့ မဖြစ်စေဘဲ သုခချမ်းသာသို့
ဝင်ရောက်နိုင်ကြရန် အစွမ်းကုန် ကြိုးစားအားထုတ်
၁၂။ ကြပါစို့။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်
အသက်ရှင် လှုပ်ရှားရှိသည်ဖြစ်၍ အသွားနှစ်ဖက်ရှိ
သောသံလျက် တကာတို့ထက်၊ ထက်မြက်၏။ နှုတ်
ကပတ်တော်သည်အသက်နှင့် စိတ်ဝိညာဉ်ကိုလည်း
ကောင်း အရိုးအဆစ်နှင့် ခြင်ဆီကိုလည်းကောင်းပိုင်း
ခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံး၏
အကြံအစည်နှင့် ရည်ရွယ်ချက်များကိုလည်း ဝေဖန်
၁၃။ ဆုံးဖြတ်ပေးနိုင်၏။ ဘုရားသခင်၏ မျက်မှောက်၌
ပုန်းကွယ်နေသော အရာဟူ၍ တစ်စုံတစ်ခုမျှမရှိ။
ဖန်ဆင်းတော်မူသောအရာခပ်သိမ်းသည် မျက်မှောက်
တော်၌ ထင်ရှားလျက်ရှိ၏။ ငါတို့အားလုံးသည်
မိမိတို့ပြုသမျှအတွက် ကိုယ်တော်၏ စစ်ကြောစီရင်
ခြင်းကို ခံကြရလိမ့်မည်။

## ကြီးမြတ်သောရဟန်းချုပ်ဖြစ်တော်မူသော ယေရှုခရစ်တော်

၁၄။ ယခုမူကား ငါတို့၏ ရဟန်းချုပ်ဖြစ်၍ဘုရားသခင်၏
သားတော်ဖြစ်သော **ယေရှု**သည် ကောင်းကင်ဘုံသို့
ကြွဝင်တော်မူသောကြောင့်ငါတို့ဝန်ခံခဲ့သောယုံကြည်
၁၅။ ခြင်းကို စွဲမြဲစွာထားရှိကြစို့။ အကြောင်းမူကား ငါတို့
၏ ရဟန်းချုပ်သည် ငါတို့၏အားနည်းချက်များ
အတွက် မစာနာနိုင်သူမဟုတ်၊ သူသည် ငါတို့နည်း
တူစုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးကိုခံရသောသူ ဖြစ်
တော်မူ၏။သို့ရာတွင်ကိုယ်တော်သည်အပြစ်ဒုစရိုက်
၁၆။ နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည်
ကူညီရန် လိုအပ်ချိန်၌ကရုဏာတော်နှင့်ကျေးဇူးတော်
ခံစားရမည့်အကြောင်း ယုံကြည်အားကိုးသော စိတ်
နှင့်ဘုရားသခင်၏ကျေးဇူးတော်ပလ္လင်သို့ချဉ်းကပ်ကြ
ကုန်စို့။

## အခန်းကြီး (၅)

၁။ ရဟန်းချုပ်မည်သည်ကား ပူဇော် သက္ကာယများနှင့်
အပြစ်ဖြေရာ ယဇ်များကို ဆက်သရန်နှင့် လူတို့၏
ကိုယ်စား အမှုတော်ထမ်းရန် လူစုထဲမှဘုရားသခင်
ရွေးကောက်ခန့်ထားတော်မူသောသူဖြစ်၏။
၂။ မိမိကိုယ်တိုင်ပင်လျှင် အားနည်းချက် အမျိုးမျိုးရှိ သ
ဖြင့် အသိပညာကင်းမဲ့၍ မိုက်မှားသောသူတို့အား သူ
၃။ သည်သည်းခံနားလည် ပေးနိုင်၏။ ဤအကြောင်း
ကြောင့်သူသည်အပြစ်ဖြေရာယဇ်ကို လူတို့အတွက်
၄။ သာမက မိမိအတွက်လည်း ပူဇော်ရ၏။ မည်သူ မျှ
မိမိကိုယ်ကိုယဇ်ပရောဟိတ်ရဟန်းအရာ၌မချီးမြှင့်နိုင်၊
ဘုရားသခင်သည် **အာရုန်**အား ယဇ်ပရောဟိတ်
ရဟန်းချုပ်အဖြစ် ရွေးကောက် ခန့်ထားသကဲ့သို့
ကိုယ်တော် ရွေးကောက်ခန့်ထားခြင်း ခံရမှသာလျှင်
၅။ ယဇ်ပရောဟိတ်ရဟန်းဖြစ်နိုင်၏။ ထိုနည်းတူ ခရစ်
တော်သည်ယဇ်ပရောဟိတ်ရဟန်းချုပ်အရာ၌မိမိကိုယ်
ကို ဂုဏ်ပြုချီးမြှင့်သည်မဟုတ်၊ကျမ်းစာတော်၌သင်
သည်ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ပေါ်
စေတော်မူပြီဟု မိန့်တော်သောသူသည် ခရစ်တော်ကို
၆။ ရဟန်းချုပ်အရာ၌ချီးမြှောက်တော်မူ၏။ အခြားကျမ်း
ချက်တွင်လည်း၊ သင်သည်**မာလခိဇေဒက်**၏အရိုက်

အရာကိုဆက်ခံသူ ထာဝရ ယဇ်ပုရောဟိတ်ရဟန်း
ဖြစ်သည်ဟု ထာဝရဘုရားမိန့်တော်မူ၏။
၇။ ခရစ်တော်သည် လူ့ဇာတိအဖြစ်၌နေတော်မူစဉ် မိမိ
အားသေခြင်းမှ ကယ်တင်နိုင်တော်မူသော ဘုရား
သခင်ထံအော်ဟစ်ကြွေးကြော်ကာ မျက်ရည်ကျလျက်
ဆုတောင်းပတ္တနာ ပြုတော်မူ၏။ ခရစ်တော်သည်
ဘုရားသခင်ကို ကြောက်ရွံ့နာခံတော်မူသောကြောင့်
ဘုရားသခင်သည် သူ၏ဆုတောင်းသံကို နားညောင်း
၈။ တော်မူ၏။ ကိုယ်တော်သည် ဘုရားသခင်၏ သား
တော်ပင်ဖြစ်သော်လည်း ဆင်းရဲဒုက္ခများကို ခံထမ်း
ခြင်းအားဖြင့် နာခံတတ်ရန် သင်ယူတော်မူ၏။
၉။ ကိုယ်တော်သည် စုံလင်ခြင်းသို့ ရောက်သောအခါ
မိမိကိုနာခံသောသူအပေါင်းတို့အတွက်၊ ထာဝရကယ်
တင်ခြင်းကိုပေးသောအရှင် ဖြစ်လာတော်မူ၏။
၁၀။ ဤသို့ဖြင့် ထာဝရဘုရားသခင်သည် ခရစ်တော်အား
**မေလခိဇေဒက်**၏ အရိုက်အရာကို ဆက်ဆံသော
ရဟန်းချုပ်ဟု ခေါ်ဝေါ်သမုတ်တော်မူ၏။

## လမ်းမှားသို့မရောက်ရန်သတိပေးခြင်း

၁၁။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ငါတို့၌ပြောဆို
စရာများစွာရှိ၏။ သို့သော်လည်း သင်တို့သည်နား
လည်ရန်နှေးကွေးသောကြောင့် သင်တို့အား ရှင်းပြ
၁၂။ ရန်ခက်ခဲပေသည်။ သင်တို့သည် ယခုအချိန်အခါ
တွင် ဆရာအဖြစ်သို့ပင် ရောက်သင့်ကြလေပြီဖြစ်ကြ
သော်လည်း၊ ဘုရားသခင်၏ ဗျာဒိတ်တော်အခြေခံ
တရားကို တဖန်သင်ယူကြရန် လိုအပ်နေသေး၏။
သင်တို့သည် မာသောအစာကိုမစားသုံးနိုင်ဘဲ နို့ကို
၁၃။ သာလိုအပ်နေကြ၏။ နို့ရည်ကို သောက်သုံးနေရ
သောသူမည်သည်ကား၊ နို့စို့သူငယ်များသာဖြစ်နေ
သေးသဖြင့် ဖြောင့်မတ်ခြင်းတရားတော်၌ သိရှိနား
၁၄။ လည်ခြင်း မရှိကြသေးချေ။ မာသော အစားအစာ
သည်၊ အရွယ်ရောက်ပြီးသူတို့အတွက်ဖြစ်၏။ သူတို့
သည်အတွေ့အကြုံအားဖြင့် ကောင်းကျိုး၊ ဆိုးကျိုးကို
ပိုင်းခြားသိရှိနိုင်ရန်၊ ကိုယ်တိုင်လေ့ကျင့်ထားသော
သူများဖြစ်ကြသည်။

## အခန်းကြီး (၆)

၁။ ထို့ကြောင့်ငါတို့သည် ခရစ်တော်၏ သွန်သင်ချက်
များနှင့်ဆိုင်သောအခြေခံတရားများကို ထားခဲ့၍ပိုမို
ရင့်ကျက်သည့် အတွေးအခေါ်ဘက်သို့ ရှေ့ရှုတက်
လှမ်းကြစို့။ သေခြင်းနှင့်ဆိုင်သော အကျင့်များကို
စွန့်လွှတ်ခြင်းနှင့် ဘုရားသခင်အား ယုံကြည်ခြင်း
စသောအခြေခံအကြောင်းတရားတို့ကို ထပ်မံသင်
၂။ ကြားပေးရန်မသင့်ချေ။ ငါတို့သည် ဆေးကြောခြင်း
မင်္ဂလာ၊ လက်တင်ခြင်းမင်္ဂလာ၊ သေခြင်းမှရှင်ပြန်ထ
မြောက်ခြင်းနှင့် နောက်ဆုံးသော တရားစီရင်တော်မူ
ခြင်းအကြောင်းတို့ကို သင်တို့အား သင်ကြားပြီးဖြစ်
၃။ သည်။ ဘုရားသခင်အခွင့်ပြုတော်မူလျှင် ယခုငါတို့
၄။ ဤသို့ပြုကြစို့။အကြောင်းမူကားဉာဏ်အလင်းရရှိကြ
ပြီး ကျေးဇူးတော်ကို မြည်းစမ်းရလျက် ဝိညာဉ်တော်
မြတ်ဘုရားကို ခံယူရရှိပြီးသော သူတို့အား နောင်တ
တရားရယူစေခြင်းဖြင့် သူတို့၏ဘဝကို နောက်တဖန်
၅။ ပြုပြင်နိုင်ရန်မဖြစ်နိုင်။သူတို့သည်နှုတ်ကပတ်တော်၏
ကောင်း မြတ်ခြင်းကိုလည်းကောင်း၊ နောင်ဘဝနှင့်
ဆိုင်ရာတန်ခိုးများကိုလည်းကောင်း၊ကိုယ်တွေ့ခံစားခဲ့
၆။ ရသောသူများဖြစ်ကြသည်။ ထိုသို့ခံစားခဲ့ကြပြီးမှ
သူတို့သည် ယုံကြည်ခြင်းမှ လမ်းလွဲခဲ့ပါလျှင် သူတို့
သည် ဘုရားသခင်၏သားတော်ကို သူတို့ကိုယ်တိုင်
လက်ဝါးကပ်တိုင်တွင်တင်၍ ကွပ်မျက်ကာ အများသူ
တို့အရှေ့တွင်လည်း ကဲ့ရဲ့ရှုတ်ချကြသောကြောင့်၊
နောက်တစ်ဖန် သူတို့အား မည်သို့မျှနောင်တမရ
၇။ စေနိုင်။ အကြောင်းမူကားမြေသည် အကြိမ်ကြိမ်
ရွာသွန်းသည့် မိုးရေကိုသောက်၍ စိုက်ပျိုးသူတို့
အတွက် အသုံးဝင်သော အသီးအနှံများထွန်းစေလျှင်
ထိုမြေသည် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာခံရ
၈။ ၏။ သို့သော်မြေသည် ဆူးပင်နှင့် ချုံနွယ်ပင်တို့
ကိုသာဖြစ်ထွန်းစေလျှင် ထိုမြေသည် တန်ဖိုးလုံးဝ
မရှိတော့ပဲ၊ ဘုရားသခင်၏ ကျိန်စာသင့်ကာ၊
အဆုံး၌ မီးရှို့ဖျက်ဆီးခြင်းကို ခံရလိမ့်မည်။
၉။ သို့ရာတွင်၊ ချစ်မိတ်ဆွေတို့၊ ဤသို့ငါတို့ပြော
သော်လည်း သင်တို့သည် ကယ်တင်ခြင်းဆိုင်ရာ
ကောင်းမြတ်သော ကျေးဇူးတော်များ ရှိကြသည်ကို
၁၀။ ငါတို့သေချာစွာ သိကြ၏။ အကြောင်းမူကား
ဘုရားသခင်သည် တရားမျှတမှုမရှိသော အရှင်သခင်
မဟုတ်၊ သင်တို့သည် ကိုယ်တော်အတွက်သန့်ရှင်း
သူများကိုယခင်ကကူညီခဲ့၍ ယခုလည်းကူညီနေကြ
သောကောင်းသောအကျင့်များနှင့် ချစ်ခြင်းမေတ္တာကို
ကိုယ်တော်သည် မေ့လျော့တော်မူမည်မဟုတ်ပေ။
၁၁။ သင်တို့အားလုံး၊ အဆုံးတိုင်၊ မိမိတို့မျှော်လင့်ချက်

ပြည့်စုံအောင်အကောင်အထည်ဖော်ရာ၌ စိတ်အား
ထက်သန်မှုပြနိုင်ရန် ငါတို့အလိုဆန္ဒရှိကြပါ၏။
၁၂။ ဤသို့ဖြင့် သင်တို့သည် ပေါ့ဆ၍ ပျင်းရိစွာ မနေကြ
ပဲယုံကြည်ခြင်း၊ ခွဲလုံ့လရှိခြင်းတို့ဖြင့် ကတိတော်ကို
အမွေခံယူကြသောသူများအား အတုယူ၍ ကျင့်ကြံနေ
ထိုင်ကြစေရန် ငါတို့အလိုရှိ၏။

## သေချာသောကတိတော်

၁၃။ ဘုရားသခင်သည် **အာဘရာဟမ်**အား ကတိထား
တော်မူသောအခါ၊ တိုင်တည်ကျိန်ဆိုရန်၊ မိမိထက်
ကြီးမြတ်သူမရှိသောကြောင့် မိမိကိုယ်ကိုတိုင်တည်၍
၁၄။ ကျိန်ဆိုတော်မူသည်မှာ၊ ငါသည် သင့်အားအစဉ်
အမြဲကောင်းချီးပေးမည်။ သင်၏မျိုးနွယ်စဉ်ဆက်တို့
၁၅။ ကိုလည်း တိုးပွားစေမည်ဟူ၍တည်း။ **အာဘရာဟမ်**
သည် စိတ်ရှည်စွာသည်းခံ စောင့်ဆိုင်းခဲ့သောကြောင့်
၁၆။ ကတိတော်အတိုင်း ခံစားရရှိလေသည်။ လူတို့သည်
မိမိတို့ ထက်ကြီးမြတ်သူတစ်ဦးတစ်ယောက်ကို တိုင်
တည်၍ကျိန်ဆိုလေ့ရှိကြ၏။ ထိုသို့သောကျိန်ဆိုခြင်း
သည်အငြင်းပွားမှုရှိသမျှတို့ကို အဆုံးသတ်စေတတ်
၁၇။ ၏။ ထို့ကြောင့် ဘုရားသခင်သည်မိမိ ကတိတော်ကို
အမွေခံရသောသူတို့အား မိမိ၏ အကြံအစည်တော်
ကိုမပြောင်းလဲကြောင်း သိသာထင်ရှားစေခြင်းငှါ၊
ကျိန်ဆိုခြင်းဖြင့် ကတိပြုတော်မူ၏။
၁၈။ ထို့ကြောင့် ပြန်လည်ရုပ်သိမ်း၍မရနိုင်သော ကတိ
တော်နှင့် ကျိန်ဆိုတော်မူခြင်းများအားဖြင့် ဘုရားသ
ခင်သည်မုသားပြောသူ မဖြစ်နိုင်ကြောင်းကို ဖော်ပြ
၏။ ထို့ကြောင့် အထံတော်သို့ခိုလှုံကြသော ငါတို့
သည် ကိုယ်တော်ပေးတော်မူသည့် မျှော်လင့်ခြင်းကို
စွဲမြဲစွာခံယူရန် စိတ်အားတက်ကြွခြင်းကိုရရှိကြ၏။
၁၉။ ထိုမျှော်လင့်ချက်သည် ငါတို့ဘဝအတွက် လုံခြုံခိုင်
ခန့်သော ဝိညာဉ်ကျောက်ဆူးဖြစ်သော ထိုမျှော်လင့်
ချက်သည် ဗိမာန်တော်ကန့်လန့်ကာကို ထိုးဖောက်
ကာ အလွန်သန့်ရှင်းရာ ဌာနတော်သို့ ဝင်လေ၏။
၂၀။ **မေလခိ ဇေဒတ်**၏ အရိုက်အရာကို ဆက်ခံသောသူ
ထာဝရ၊ ယဇ်ပုရောဟိတ်ရဟန်းဖြစ်တော်မူသော
**ယေရှု**သခင်သည် ထိုနေရာသို့ ငါတို့အလျင်ဝင်
တော်မူခဲ့သည်။

# အခန်းကြီး (၇)

## ခရစ်တော်၏ပုံရိပ်ဖြစ်သောမေလခိဇေဒက်

၁။ ကျမ်းစာတော်အရ **ဆာလင်**ပြည်၏ဘုရင် **မေလခိ
ဇေဒက်**သည် အမြင့်မြတ်ဆုံးသော ဘုရားသခင်၏
ယဇ်ပုရောဟိတ်ရဟန်းဖြစ်၏။ သူသည်ဘုရင်များကို
တိုက်ခိုက် နှိမ်နင်းရာမှ ပြန်လာသော **အာဘရာဟမ်**
၂။ အားခရီးဦးကြိုပြု၍ ကောင်းချီးပေးလေ၏။ သို့ဖြစ်၍
**အာဘရာဟမ်**သည်လည်းမိမိဥစ္စာပစ္စည်းရှိသမျှတို့၏
ဆယ်ဖို့တစ်ဖို့ကို သူ့အားပေးလှူလိုက်၏။ **မေလခိ
ဇေဒက်**ဟူသောနာမည်၏ အနက်အဓိပ္ပာယ်မှာဖြောင့်
မတ်သောမင်းဟူ၍ဖြစ်၏။ သူသည် **ဆာလင်**ပြည်၏
ဘုရင်လည်း ဖြစ်သောကြောင့် ငြိမ်းချမ်းရေး၏ဘုရင်
ဟူ၍လည်း အဓိပ္ပာယ်ရ၏။
၃။ သူ၏မိဘ၊ ဘိုးဘေးစဉ်ဆက်၊ သူ့ဘဝ၏အစနှင့်အ
ဆုံးနေ့များအကြောင်းရေးထားသော မှတ်တမ်းများ
မရှိပေ။ သို့သော် သူသည်ဘုရားသခင်၏သားတော်
နှင့် သဏ္ဍာန်တူ၍ ယဇ်ပုရောဟိတ်ရဟန်းသိက္ခာ၌
၄။ အစဉ်အမြဲတည်၏။ ငါတို့အဖ **အာဘရာဟမ်**သည်
ပင်လျှင် စစ်ပွဲမှရရှိခဲ့သည့် ပစ္စည်းများ၏ ဆယ်ဖို့
တစ်ဖို့ကို **မေလခိ ဇေဒက်**အားပေးလှူခဲ့သဖြင့် သူ
သည် မည်မျှလောက်ကြီးမြတ်သည်ကို စဉ်းစား၍
၅။ ကြည့်ကြလော့။ ယဇ်ပုရောဟိတ် ရဟန်းအရာကို
ခံယူရရှိသော **လေဝီ**အနွယ်ဝင်တို့သည် **အာဘရာ
ဟမ်**မှဆင်းသက်သောမိမိတို့၏ ဆွေမျိုးများထံမှ
ဆယ်ဖို့တစ်ဖို့အလှူကို ပညတ်တရား ဥပဒေအရ
၆။ ကောက်ခံခွင့်ရှိခဲ့ကြ၏။ **မေလခိဇေဒက်**သည် **လေဝီ**
အနွယ်ဝင်မဟုတ်သော်လည်း **အာဘရာဟမ်** ထံမှ
ဆယ်ဖို့တစ်ဖို့အလှူကို လက်ခံယူ၍ ကတိတော်များ
ရရှိထားသော **အာဘရာဟမ်**အား ကောင်းချီးပေးခဲ့
လေသည်။
၇။ ကြီးသောသူက ငယ်သောသူအား ကောင်းချီးပေးလေ့
ရှိသည်မှာငြင်းဆိုဖွယ်ရာမရှိပေ။
၈။ ထိုမှတစ်ပါး ယဇ်ပရောဟိတ်များအနေဖြင့် ဆယ်ဖို့
တစ်ဖို့အလှူကို ခံယူခြင်းသည် သေမျိုးဖြစ်သောလူ
သားတို့က ခံယူခြင်းဖြစ်၍ **မေလခိဇေဒက်**မူကား၊
ကျမ်းစာတော်တွင် ဖော်ပြထားသည်နှင့်အညီအသက်
ရှင်သော သူအနေဖြင့် ဆယ်ဖို့တစ်ဖို့အလှူကိုလက်ခံ
၉။ ယူခြင်းဖြစ်၏။ သို့ဖြစ်၍ ဆယ်ဖို့တစ်ဖို့ကိုလက်ခံယူ
သော**လေဝီ**သည် **အာဘရာဟမ်**မှတစ်ဆင့် **မေလခိ
ဇေဒက်**အား ဆယ်ဖို့တစ်ဖို့အလှူကို ပေးသည်ဟုပင်

၁၀။ ပြောဆိုနိုင်၏။ အဘယ်ကြောင့်ဆိုသော် **မေလခိဇေ**
**ဒက်**သည် **အာဗြာဟမ်**နှင့် တွေ့ဆုံသည့်အခါတွင်
**လေဗီ**သည်မမွေးဖွားသေးဘဲမိမိအဖ**အာဗြာဟမ်**၏
မျိုးနွယ်ထဲ၌ ရှိနေသေးသည်ဟု ဆိုသောကြောင့်
ဖြစ်၏။

## မေလခိဇေဒက်နှင့်တူသောယဇ်ပရောဟိတ်

၁၁။ လူအများတို့သည် **လေဗီ**မှဆင်းသက်သော ရဟန်း
မျိုးမှတဆင့် ပညတ်ဥပဒေကိုရရှိကြသောကြောင့် ဤ
ရဟန်းမျိုးအားဖြင့် စုံလင်ခြင်းသို့ရောက်နိုင်ခဲ့ပါလျှင်
**အာရုန်**ကဲ့သို့သောရဟန်းတစ်ပါးကိုမခေါ်ဘဲ**မေလခိ**
**ဇေဒက်**က မည်သူ့အခြားရဟန်းတစ်ပါးပေါ်ထွန်းရန်
၁၂။ အဘယ်ကြောင့်လိုအပ်သနည်း။ အကယ်၍ ယဇ်ပု
ရောဟိတ်ရဟန်းမျိုး၌ ပြောင်းလဲမှုရှိလျှင်ပညတ်တ
ရားသည်လည်း ပြောင်းလဲမှုရှိရပေလိမ့်မည်။
၁၃။ အကြောင်းမူကား ဤအကြောင်းများကို ဗျာဒိတ်
တော်ခံရသောသူသည် ယဇ်ပလ္လင်အမှုတော်ကိုမ
ဆောင်ရွက်ဖူးသော အမျိုးအနွယ်မှ ဖြစ်သည်။
၁၄။ ကိုယ်တော်သည် **ယုဒ**လူမျိုးနွယ်မှပေါ်ထွန်းလာ
ကြောင်းအားလုံး သိရှိကြသော်လည်း **မိုးဇက်** သည်
ယဇ်ပုရောဟိတ် ရဟန်းအကြောင်းကို ပြောသောအခါ
ဤအမျိုးအနွယ်အကြောင်းကို ထုတ်ဖော်၍ မပြောဆို
၁၅။ ခဲ့ပေ။ **မေလခိဇေဒက်**ကဲ့သို့သော အခြားယဇ်ပရော
ဟိတ်ရဟန်းတစ်ပါး ပေါ်ထွန်းလာသည့်အချက်မှာ
၁၆။ ပို၍ ထင်ရှားလာ၏။ ထိုသူသည် ယဇ်ပုရောဟိတ်
ရဟန်း၏ အရိုက်အရာကို လူတို့၏ စည်းမျဉ်းဥပဒေ
များအရမျိုးရိုးအလိုက် ခံယူရရှိထားခြင်းမဟုတ်ဘဲ၊
ထာဝရအသက်၏ တန်ခိုးအာနုဘော်အရခံယူရရှိထား
၁၇။ ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာ
တော်၌ သင်သည်**မေလခိဇေဒက်**၏ အရိုက်အရာကို
ဆက်ခံသောထာဝရယဇ်ပုရောဟိတ် ရဟန်းဖြစ်သည်
ဟု ထိုသူအကြောင်းကို သက်သေခံထားကြောင်းတွေ့
၁၈။ ရှိရ၏။ ယခင်ပညတ်တရားဟောင်းသည် အားနည်း
၍ အသုံးမဝင်သောကြောင့် ပယ်ရှားခြင်းခံရ၏။
ပညတ်ဥပဒေသည် မည်သူ့ကိုမျှ စုံလင်ခြင်းသို့မ
၁၉။ ရောက်စေခဲ့။ သို့သော် ယခုငါတို့သည် ထိုပညတ်
တရားထက်ပိုမို ကောင်းမြတ်သည့် မျှော်လင့်ချက်ကို
ရရှိကြသည်ဖြစ်၍ ထိုမျှော်လင့်ချက်အားဖြင့် ဘုရား
၂၀။ သခင် ထံတော်သို့ချဉ်းကပ်လာကြရ၏။ ထိုပြောင်း
လဲမှုကို ဘုရားသခင်သည် ကျိန်ဆိုတော်မူချက်အား
၂၁။ ဖြင့်အတည်ပြုခဲ့သည်။ အခြားသော **လေဗီ**နွယ်ဝင်တို့
သည် ယဇ်ပုရောဟိတ်ရဟန်းအဖြစ် ခံယူကြရသော
အခါ ဘုရားသခင်၏ကျိန်ဆိုတော်မူချက် မပါရှိချေ။
သို့သော်သခင် **ယေရှူ**အား ယဇ်ပုရောဟိတ်ရဟန်း
အဖြစ်ခန့်ထားတော်မူသောအခါ ကျမ်းစာတော်၌ မိန့်
တော်မူသည်မှာ သင်သည် **မေလခိဇေဒက်**နည်းတူ
ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟူ၍ ဘုရားသခင်က
ကျိန်ဆိုတော်မူသောကြောင့် ကိုယ်တော်သည် နောက်
တဖန် မိမိစိတ်ကို ပြောင်းလဲတော်မူမည် မဟုတ်ပေ
၂၂။ ဟူ၍လာသတည်း။ သခင်**ယေရှူ**သည် ပို၍ကောင်း
သည့် ပဋိညာဉ်တရားတော်၏ အာမခံချက်ဖြစ်တော်
၂၃။ မူကြောင်း ဤအချက်က ဖော်ပြ၏။ ယဇ်ပုရောဟိတ်
ရဟန်းတို့သည် သေဆုံးကြရသောကြောင့် ဤတာ
ဝန်ကို ဆက်လက်မထမ်းဆောင်နိုင်ကြချေ၊ သူတို့
၂၄။ သည် အရေအတွက်များပြားကြ၏။ သို့သော်
**ယေရှူ**သခင်မူကား အစဉ်ထာဝရအသက် ရှင်လျက်
ရှိတော်မူသောကြောင့် ယဇ်ပုရောဟိတ်ရဟန်းအဖြစ်
၂၅။ ထာဝစဉ်တည်ရှိတော်မူ၏။ ကိုယ်တော်သည် ဘုရား
သခင်အထံတော်သို့ မိမိမှတစ်ဆင့် ချဉ်းကပ်ကြသော
သူတို့အားအစဉ်ကယ်တင်ပေးနိုင်၏။ ကိုယ်တော်
သည် ထိုသူတို့၏ကိုယ်စား ဘုရားသခင်ထံအသနား
ခံပေးရန် အစဉ်အသက်ရှင်လျက်ရှိတော်မူ၏။
၂၆။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်ရဟန်းသည်
သန့်ရှင်းမြင့်မြတ်၍ အပြစ်မှ ကင်းစင်ပြီး အစွန်းအ
ကွက်ကပ်လျက်၊ အပြစ်ရှိသူတို့နှင့်ကင်းကွာသဖြင့်
ကောင်းကင်အထက် တိုင်အောင်ချီးမြှောက်ခြင်းကိုခံ
ထိုက်ရန်သင့်လျော်ပေသည်။
၂၇။ ယဇ်ပုရောဟိတ်ရဟန်းတို့သည် နေ့စဉ်ဦးစွာပထမ၊
မိမိတို့ အပြစ်များအတွက်လည်းကောင်း၊ ထို့နောက်
လူတို့၏ အပြစ်များအတွက်သော်လည်းကောင်း ယဇ်
ပူဇော်ကြရလေသည်။ ကိုယ်တော်မူကားယဇ်ပူဇော်ရန်
မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်
သည် မိမိကိုယ်ကို တစ်ကြိမ်တည်းအပြီးအပိုင်ယဇ်
ကောင်အဖြစ် ပူဇော်တော်မူခဲ့သောကြောင့်တည်း။
၂၈။ **မိုးဇက်**၏ပညတ်တရားသည်အားနည်းသောလူသား
တို့ကို ယဇ်ပုရောဟိတ်ရဟန်း အရာ၌ ခန့်ထား၏။
သို့သော် ထိုပညတ်တရား ပေါ်ထွက်ပြီးနောက်ပိုင်း
ကာလတွင် ကျိန်ဆိုသောဗျာဒိတ်တော်သည် ထာဝရ
စုံလင်ခြင်းရှိတော်မူသော သားတော်ကို ယဇ်ပုဟိတ်
ရဟန်းအဖြစ် ခန့်ထားတော်မူ၏။

## အခန်းကြီး (၈)
## ငါတို့၏ရဟန်းသခင်ယေရှု

၁။ ယခုပြောဆိုခဲ့ပြီးသော အကြောင်းအရာတို့၏ အဓိက
အချက်မှာ ထိုသို့သော ယဇ်ပုရောဟိတ်ရဟန်းသည်
ငါတို့အလယ်တွင် တည်ရှိနေပြီဖြစ်သော အချက်ပင်
ဖြစ်သည်။ ကိုယ်တော်သည် ကောင်းကင်ဘုံရှိ
ဘုန်းတော်ရှင်၏ ပလ္လင်တော်လက်ယာဖက်၌ စံပယ်
၂။ တော်မူ၏။ လူတို့ တည်ဆောက်ထားခြင်း မဟုတ်ပဲ
ထာဝရဘုရား တည်ဆောက်ထားတော်မူသောစစ်မှန်
သည့် တဲတော်နှင့် သန့်ရှင်းရာဌာနတွင်ကိုယ်တော်
သည်ဘုရားအမှုတော်ကို ဆောင်ရွက်ပေးသောသူဖြစ်
၃။ တော်မူ၏။ ယဇ်ပုရောဟိတ်ရဟန်း မည်သည်ကား
ဘုရားသခင်အား ပူဇော်သက္ကာနှင့် ယဇ်ကောင်ကို ပူ
ဇော်ရန်ခန့်ထားခြင်းခံရသဖြင့် ဤယဇ်ပုရောဟိတ်ရ
ဟန်းဖြစ်သော ကိုယ်တော်သည်လည်း ပူဇော်ရန်
၄။ တစ်စုံတစ်ခုရှိရန်လိုအပ်၏။ ကိုယ်တော်သည် ကမ္ဘာ
မြေပေါ်တွင်ရှိနေတော်မူခဲ့ပါလျှင်၊ ယဇ်ပုရောဟိတ်
ရဟန်းဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ အဘယ်ကြောင့်
ဆိုသော် ပညတ်တရားအရ ပူဇော်သက္ကာယများကို
ဆက်သသည့် ယဇ်ပုရောဟိတ်ရဟန်းများ ရှိသော
ကြောင့်ဖြစ်သည်။
၅။ ယဇ်ပုရောဟိတ်ရဟန်းများသည် ကောင်းကင်ဘုံရှိ
သန့်ရှင်းရာဌာနနှင့်တူသော ပုံရိပ်တွင်သာ အမှုထမ်း
ကြရ၏။ **မိုးဇက်**သည် ပဋိညာဉ်တဲတော်ကိုတည်
ဆောက်သောအခါ ဘုရားသခင်က တောင်ပေါ်တွင်
ငါပြသခဲ့သည့်ပုံစံနှင့်အညီ အလုံးစုံတို့ကို ပြုလုပ်
ဆောင်ရွက်ရန် သတိပြုလော့ဟု သူ့အားမိန့်မှာ
၆။ တော်မူခဲ့၏။ သို့သော် **ယေရှု**သခင်သည် ပို၍
ကောင်းမွန်သော ကတိတော်များအပေါ် အခြေခံသည့်
သာ၍ မြင့်မြတ်သော ပဋိညာဉ်တော်တရား၏
ကြားဝင်စီမံပေးသူဖြစ်သဖြင့် အကောင်းထက် ပိုမို
ကြီးမားသောရဟန်းအရာကို ခံစားရရှိလေသည်။
၇။ အကယ်၍ ပထမပဋိညာဉ်တရားတော်သည် အပြစ်
တင်စရာမရှိသည် မှန်လျှင် ဒုတိယ ပဋိညာဉ်တရား
ကို အစားထိုးပြုလုပ်ရန် လိုအပ်မည်မဟုတ်။
၈။ သို့သော် ထာဝရဘုရားသခင်သည် ပထမပဋိညာဉ်
တရားတော်၌ အပြစ်တင်ချက် မြင်သဖြင့် မိန့်တော်
မူသည်ကား၊ ငါသည် **အစ္စရေးလ်**လူမျိုးနှင့်လည်း
ကောင်း၊ ဂျူးလူမျိုးတို့နှင့်လည်းကောင်း ပဋိပညာဉ်
သစ်ကိုပြုရမည့်အချိန်ကာလ ကျရောက်လိမ့်မည်။
၉။ ဤပဋိညာဉ်သည် သူတို့၏ ဘိုးဘေးများအား
**အီဂျစ်** ပြည်မှငါလက်ဆွဲ၍ ထုတ်ဆောင်လာစဉ်က
သူတို့ နှင့်ပြုခဲ့သည့် ပဋိညာဉ်နှင့်တူလိမ့်မည်မဟုတ်၊
အကြောင်းမူကား သူတို့သည်ယခင်က ငါပေးခဲ့သော
ပဋိညာဉ်တရားတော်ကို ချိုးဖောက်ခဲ့ကြသဖြင့်
ငါသည် သူတို့အား စွန့်ပစ်ထားခဲ့သည်။
၁၀။ နောင်ကာလ၌ **အစ္စရေးလ်**လူမျိုးတို့နှင့် ငါပြုမည့်
ပဋိညာဉ်တော်သည်ကား ထိုနေ့ရက်တို့၌ ငါထာဝရ
ဘုရားသခင်သည် ငါ့ပညတ်တော်တို့ကို သူတို့၏
စိတ်ဝိညာဉ်ထဲသို့ ထည့်သွင်းပေးမည်။ သူတို့၏
နှလုံးသားများအပေါ်တွင်လည်း ရေးသားထားမည်။
ငါသည် သူတို့၏ ဘုရားဖြစ်၍ သူတို့သည်လည်း
ငါ၏ လူမျိုးစုဖြစ်ကြလိမ့်မည်။ ထာဝရဘုရားကိုသိ
ရှိကြလော့ဟု မည်သူမျှ မိမိ အမျိုးသားချင်းကို
လည်းကောင်း၊ မိမိညီအစ်ကို အချင်းချင်းကိုလည်း
၁၁။ ကောင်း ဆုံးမသွန်သင်ပေးခြင်းမပြုကြရ။ အဘယ်
ကြောင့်ဆိုသော် ထိုသူအပေါင်းတို့သည် အငယ်ဆုံး
သောသူမှစ၍အကြီးဆုံးသော သူတိုင်အောင် ငါ့ကိုသိ
၁၂။ ရှိကြလိမ့်မည်။ ထိုအခါ ငါသည် သူတို့၏အပြစ်များ
ကို ဖြေလွှတ်၍ သူတို့၏ ပြစ်မှားကျူးလွန်မှုများကို
သိမှတ်တော်မူမည်မဟုတ်ဟု ထာဝရဘုရား မိန့်တော်
၁၃။ မူ၏။ ပဋိညာဉ်တရားသစ်ဟုမိန့်တော်မူခြင်းအားဖြင့်
ကိုယ်တော်သည် ပထမပဋိညာဉ်တော်ကိုဟောင်းနွမ်း
ခေတ်ကုန်သွားစေတော်မူ၏။ ခေတ်ကုန်၍ ဟောင်း
နွမ်းသောအရာ ဟူသမျှသည် မကြာမီကာလအတွင်း
ပျောက်ကွယ်သွားလိမ့်မည်။

## အခန်းကြီး (၉)
## လောကသားတို့နှင့်ကောင်းကင်သားတို့ ဝတ်ပြုကိုးကွယ်ရာဌာန

၁။ ပထမ ပဋိညာဉ်၌ပင်လျှင်ဝတ်ပြုခြင်းဆိုင်ရာဝိနည်း
များ၊ ဥပဒေစည်းမျဉ်းများနှင့် လောကီ သန့်ရှင်းရာ
၂။ ဌာနတော်တို့ပါရှိခဲ့၏။ လူတို့သည် တဲတော်ကိုတည်
ဆောက်ရာတွင်သန့်ရှင်းရာဌာနဟုခေါ်သော အပြင်
တဲတော်၌ ဆီမီးတင်ခုံ၊ စားပွဲ၊ ရှေ့တော်တင်မုန့်တို့
၃။ နှင့် ပြင်ဆင်ထားလျက်ရှိသည်။ ဒုတိယကန့်လန့်
ကာ၏နောက်တွင် အလွန်သန့်ရှင်းမြင့်မြတ်သည့်
၄။ ဌာနတော်ဟုခေါ်သော တဲတော်ရှိ၏။ ထိုဌာနတော်
တွင်နံ့သာပေါင်းကို မီးရှို့ရာ ရွှေပလ္လင်နှင့် ရွှေဖြင့်

မွမ်းမံထားသည့် ပဋိညာဉ်သေတ္တာတော်ရှိ၏။ ထိုသေ
တ္တာတော်အတွင်း၌ မန္နာမုန့်ကို ထည့်ထားသည့်
ရွှေအိုး၊ အဖူးအညွန့်ထွက်သည့် **အာရုန်**၏သစ်သား
တုတ်တံနှင့် ပညတ်တော်များရေးထားသည့် ကျောက်
၅။ ပြားနှစ်ချပ်ရှိ၏။ ထိုသေတ္တာပေါ်တွင် ဘုန်းအသရေ
ရှိသော **ခေရုဘိန်**သိကြားတမန်တော် ရုပ်တုနှစ်ခု
ရှိ၏။ **ခေရုဘိန်** သိကြားတမန်တော်တို့သည်
အပြစ်ဖြေရာ ပလ္လင်ကိုသူတို့၏အတောင်ပံများဖြန့်၍
အုပ်မိုးထား၏။ ထိုအရာများကို ယခု အသေးစိတ်
၆။ ရှင်းလင်းဖော်ပြ၍မရနိုင်ပေ။ ရဟန်းတို့သည် ဝတ်ပြု
ခြင်းအတွက် ထိုသို့သောအရာများကို ပြင်ဆင်ပြီး
သောအခါ ဝတ်ပြုခြင်းဆိုင်ရာ တာဝန်များကို
ဆောင်ရွက်ရန် အပြင်တဲတော် အတွင်းသို့ နေ့စဉ်
၇။ ပုံမှန်ဝင်ကြရ၏။ သို့သော် အတွင်းတဲတော်ထဲသို့
မူကား ရဟန်းချုပ်တစ်ပါးတည်းသာလျှင် မိမိ၏
အပြစ်များအတွက်သော်လည်းကောင်း၊ လူတို့၏
အပြစ်များအတွက်သော်လည်းကောင်း ပူဇော်ရန်သွေး
ကိုယူဆောင်လာရ၍ တစ်နှစ်လျှင်တစ်ကြိမ်တည်းသာ
၈။ ဝင်ရလေ၏။ ဤဝိနည်းထုံးစံအရ၊ အပြင်တဲတော်
တည်ရှိနေသမျှ ကာလပတ်လုံး အလွန်သန့်ရှင်းရာ၊
ဌာနသို့ဝင်ရန် လမ်းမဖွင့်ပေးသေးကြောင်းကို သန့်
ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့အား ညွှန်ပြပေး
၉။ တော်မူသည်။ ဤအချက်တို့သည် မျက်မှောက်ခေတ်
ကိုညွှန်ပြပေးသည့် အမှတ်လက္ခဏာဖြစ်၏။ ထို
ပူဇော်သက္ကာနှင့် ယဇ်ကောင်များသည် ဝတ်ပြုသူ၏
သြတ္တပ္ပစိတ်ကို သန့်ရှင်းဖြူစင် အောင်မပြုနိုင်။
၁၀။ ထိုအရာအားလုံးမှာ အစားအသောက်များ၊ ဆေး
ကြောသန့်စင်ခြင်းဝိနည်း အမျိုးမျိုးတို့နှင့် သက်ဆိုင်
၏။ ယင်းတို့သည် အပြင်အပနှင့်ဆိုင်သောစည်းမျဉ်း
များဖြစ်၍ အသစ်ပြုပြင်ခြင်း ကာလတိုင်အောင်
သာလျှင် တည်လျက်ရှိမည်ဖြစ်သည်။
၁၁။ ယခုအခါတွင် ခရစ်တော်သည် ကောင်းမြတ်သည့်
အရာတို့နှင့် စပ်လျဉ်းသော ယဇ်ပုရောဟိတ်ရဟန်း
ချုပ်အဖြစ် ကြွလာတော်မူလေပြီ။ ကိုယ်တော်သည်
ပို၍ သန့်ရှင်းမြင့်မြတ်ပြည့်စုံသောတဲတော်တွင် အမှု
တော်ဆောင်ရွက်ခဲ့လေ၏။ ထိုတဲတော်ကား လူတို့
လက်ဖြင့်တည်ဆောက်ထားခြင်းမဟုတ်၊အဓိပ္ပါယ်မှာ
ထိုတဲတော်သည် ဖန်ဆင်းခံအရာများနှင့်လည်း
၁၂။ မသက်ဆိုင်ဟုဆိုလိုသည်။ ကိုယ်တော်သည် အလွန်
သန့်ရှင်းရာဌာနတဲတော်သို့ တစ်ကြိမ်တည်းသာအပြီး
ဝင်တော်မူသောအခါ၊ ယဇ်ပူဇော်ရန် ဆိတ်သွေး၊ နွား
သွေးတို့နှင့်ဝင်တော်မူသည်မဟုတ်။ မိမိ၏သွေးတော်
နှင့်ဝင်တော်မူ၍ ငါတို့အားထာဝရကယ်တင်ခြင်း
၁၃။ ကျေးဇူးကိုရရှိစေတော်မူ၏။ မိမိအပြစ်ဖြင့် ညစ်ညမ်း
နေသောသူတို့အပေါ်ပက်ဖြန်းသော နွားသွေး၊ ဆိတ်
သွေး၊ နွားမကလေး၏ပြာတို့သည် လူ့ခန္ဓာကိုယ်
၏အပြင်ပကို သန့်ရှင်းမွန်မြတ်စေနိုင်စွမ်းရှိလျှင်၊
၁၄။ ခရစ်တော်၏ သွေးတော်သည် ထိုအရာတို့ထက် မည်
မျှသာ၍ သန့်ရှင်းမွန်မြတ်နိုင်စွမ်းရှိလိမ့်မည်နည်း။
ခရစ်တော်သည် ထာဝရဝိညာဉ်တော်အားဖြင့် မိမိ
ကိုယ်ကို အပြစ်အနာအဆာကင်းသည့် ယဇ်ကောင်
အဖြစ်ဖြင့်ဘုရားသခင်အားတင်ပူဇော်တော်မူခဲ့သည်။
ငါတို့သည် အသက်ရှင်တော်မူသော ဘုရားအား
ဝတ်ပြုအစေခံနိုင်ရန် ခရစ်တော်သည် အကျိုးမဲ့သည့်
ဒုစရိုက်အကျင့်များမှ ငါတို့၏သြတ္တပ္ပစိတ်ကိုသန့်စင်
၁၅။ ပေးတော်မူ၏။ ထို့ကြောင့် ဘုရားသခင်ခေါ်တော်မူ
သောသူတို့သည် ကိုယ်တော်ကတိထားတော်မူသော
ထာဝရအမွေတော်ကို ခံစားနိုင်ကြရန်ခရစ်တော်သည်
ပဋိညာဉ်တရားသစ်တွင် ကြားဝင်ဖြန်ဖြေသူဖြစ်တော်
မူ၏။ ပဌမပဋိညာဉ်လက်အောက်၌ လူတို့ကျူးလွန်
ခဲ့သည့် အပြစ်များကိုဖြေလွှတ်ပေးရန်ခရစ်တော်သည်
၁၆။ အသေခံတော်မူခဲ့လေသည်။ သေတမ်းစာတွင်ရေး
သားထားသော အမွေခံစာချုပ် အတည်ဖြစ်နိုင်ရန်
သေတမ်းစာရေးသားခဲ့သူ အမှန်တစ်ကယ်သေဆုံးပြီ
ဖြစ်ကြောင်း အထောက်အထားပြရန်လိုအပ်၏။
၁၇။ အကယ်၍ သေတမ်းစာရေးသူအသက်ရှင်နေဆဲဖြစ်
လျှင် သူ၏သေတမ်းစာသည် အတည်မဖြစ်နိုင်။ ထို
၁၈။ သူသေဆုံးမှသာလျှင် သေတမ်းစာသည် အတည်ဖြစ်
နိုင်၏။ ထို့ကြောင့် ပဌမပဋိညာဉ်တရားကို စီရင်
သောအခါ သွေးနှင့်ကင်း၍ စီရင်သည်မဟုတ်၊
၁၉။ **မိုးဇက်**သည် ပဌမပဋိညာဉ်တရားတွင် ပါရှိသည့်
ပညတ်ရှိသမျှတို့ကို လူအပေါင်းတို့အား ကြေညာပြီး
သောအခါ သိုးမွေးအနီအဝတ်စနှင့် ဟိဆုတ်ပင်အ
ခက်ကိုအသုံးပြုကာ၊ ရေနှင့်ရောစပ်ထားသောနွား
သွေး၊ ဆိတ်သွေးတို့ဖြင့်ပညတ်ကျမ်းစာလိပ်ကိုလည်း
ကောင်း၊ လူအပေါင်းတို့ကိုလည်းကောင်း ပက်ဖြန်း
၂၀။ လျက်၊ ဤသည်ကား သင်တို့၌ ဘုရားသခင် ကတိ
ပြုတော်မူသောပဋိညာဉ်၏သွေး ဖြစ်သည်ဟု ပြောဆို
၂၁။ လေ၏။ ထိုနည်းတူစွာပင် **မိုးဇက်**သည် ပဋိညာဉ်တဲ
တော်နှင့် ဝတ်ပြုကိုးကွယ်ရာတွင် အသုံးပြုသောခွက်

များကိုလည်း သွေးဖြင့်ပက်ဖြန်းလေ၏။
၂၂။ ပညတ်တရားတော်အရ၊ စင်ကြယ်မှုပြုရမည့်အရာ ဟူ
သမျှတို့ကို သွေးဖြင့်သန့်စင်စေရ၏။ သွေးသွန်း
လောင်းခြင်းမရှိပဲ၊ အပြစ်ခွင့်လွှတ် ခြင်းမရရှိနိုင်ပေ။
၂၃။ ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ ပုံတူ
များကို ဤသို့သော ယဇ်ပူဇော်ခြင်းအားဖြင့်သန့်
စင်စေရ၏။ သို့သော် ကောင်းကင်ဘုံ၌ရှိသော အရာ
တို့ကို သန့်စင်စေရန်မှာပို၍ မြင့်မြတ်သောယဇ်ပူ
၂၄။ ဇော်ခြင်းများ လိုအပ်ပေသည်။ သို့ဖြစ်၍ ခရစ်တော်
သည်စစ်မှန်သော သန့်ရှင်းရာဌာန၏ ပုံတူဖြစ်သော
လူတို့၏လက်ဖြင့် တည်ဆောက်သည့် သန့်ရှင်းရာ
ဌာနတော်သို့ ဝင်တော်မမူပဲ ကောင်းကင်ဘုံသို့ကြွ
ဝင်တော်မူ၍ ယခု ငါတို့ကိုယ်စား ဘုရားသခင်၏ရှေ့
၂၅။ တော်သို့ရောက်ရှိတော်မူ၏။ ယဇ်ပုရောဟိတ်ရဟန်း
သည် မိမိသွေးမပါဝင်သည့် ပူဇော်ခြင်းကို ပြုလုပ်
သောကြောင့်သန့်ရှင်းရာဌာနသို့ နှစ်စဉ်နှစ်တိုင်း ပြန်
လည်ဝင်ရသော်လည်း ခရစ်တော်မှာမူ မိမိကိုယ်ကို
ပူဇော်ရန်သန့်ရှင်းဌာနသို့ ထပ်မံမဝင်တော့ချေ။
၂၆။ ထိုသို့ကြိမ်ဖန်များစွာဝင်ရမည်ဆိုပါလျှင် ကမ္ဘာလော
ကကို စတင်ဖန်ဆင်းချိန်မှစ၍ကြိမ်ဖန်များစွာ သေခံ
တော်မူရမည်သာဖြစ်ပေမည်။ ယခုမူကား၊ ဤကပ်
ကာလအဆုံး၌တစ်ကြိမ်တည်း မိမိကိုယ်ကိုပူဇော်ခြင်း
အားဖြင့် အပြစ်ဒုစရိုက်ကိုပယ်ရှင်းခြင်းငှါပေါ်ထွန်း
၂၇။ တော်မူ၏။ လူသည်ကားတစ်ကြိမ်တည်းသာသေရ
၍ ထို့နောက်ဘုရားသခင်၏တရားစီရင်တော်မူခြင်း
၂၈။ ကိုခံရမည်ဖြစ်သကဲ့သို့။ ခရစ်တော်သည် လူသားတို့
၏အပြစ်များကို ဖြေလွှတ်ခြင်းငှာ၊ မိမိကိုယ်ကို တစ်
ကြိမ်တည်းပူဇော်တော်မူခဲ့၏။ ထို့နောက် ကိုယ်တော်
သည် မိမိကိုစောင့်မျှော်လျက်နေသော သူတို့အား
ကယ်တင်ရန် အပြစ်ဒုစရိုက်နှင့်မသက်ဆိုင်ပဲ ဒုတိယ
အကြိမ်ကြွလာတော်မူလိမ့်မည်။

## အခန်းကြီး (၁၀)
## ပဋိညာဉ်ဟောင်းသည် ပဋိညာဉ်သစ်ကို နိမိတ်ဖော်ဆောင်ခြင်း

၁။ ပညတ်တရားသည် နောင်ဖြစ်လတ္တံ့သော ကောင်း
ကျိုး မင်္ဂလာတို့၏အရိပ်အရောင်မျှသာ ဖြစ်ပြီးအဖြစ်
မှန်များမဟုတ်သောကြောင့် နှစ်စဉ်ပူဇော်လေ့ရှိသော
ယဇ်ပူဇော်ခြင်းများအားဖြင့် အထံတော်သို့ ချဉ်းကပ်
ကြသောသူတို့အားစုံလင်ခြင်းကိုမည်သို့မျှ မပေးစွမ်း
၂။ နိုင်ခဲ့ချေ။ စုံလင်ခြင်းသို့ ရောက်လျှင်လည်း ဝတ်ပြု
သူတို့သည် တစ်ကြိမ်တည်းသာလျှင် စင်ကြယ်ခြင်း
သို့ရောက်ကြမည်ဖြစ်ရာ၊ မိမိတို့တွင်အပြစ်ရှိနေသေး
သည်ဟုထင်မှတ်ကြတော့မည်မဟုတ် ထိုယဇ်တို့ကို
တစ်ကြိမ်တည်းသာပူဇော်ကြ၍ နောက်တစ်ဖန်ယဇ်
ပူဇော်ခြင်းကို မပြုလုပ်ပဲနေကြတော့မည်။
၃။ သို့သော် သူတို့သည်အပြစ်ရှိကြောင်းကို ဤပူဇော်
ခြင်းများ၌ နှစ်စဉ်နှစ်တိုင်း သတိပေးခြင်းခံကြရ၏။
၄။ အဘယ်ကြောင့်ဆိုသော် နွားနှင့်ဆိတ်တို့၏ သွေး
သည် အပြစ်ဒုစရိုက်များကို ဖယ်ရှင်းပေးရန်မဖြစ်နိုင်
၅။ ချေ။ ထို့ကြောင့်ခရစ်တော်သည် လောကသို့ကြွလာ
တော်မူသောအခါ၊ အို ဘုရားသခင် ကိုယ်တော်သည်
ယဇ်ကောင်နှင့်ပူဇော်သက္ကာကိုအလိုတော်မရှိသည်ဖြစ်
၍ ကျွန်ုပ်အတွက် ကိုယ်ခန္ဓာကို ပြင်ဆင်ထားတော်မူ
၆။ ပြီ။ မီးရှို့ရာယဇ်နှင့်အပြစ်ဖြေရာယဇ်တို့ကိုကိုယ်တော်
၇။ နှစ်သက်တော်မမူ။ သို့ဖြစ်၍ကျမ်းစာတော်တွင်ကျွန်ုပ်
၏အကြောင်းကို ရေးသားဖော်ပြ ထားသည်နှင့်အညီ၊
အိုသခင်၊ ကိုယ်တော်၏အလိုတော်ကို ဆောင်ရွက်ရန်
အကျွန်ုပ်ရောက်ရှိလာပါပြီဖြစ်ကြောင်း၊ ကျွန်ုပ်ဝန်ခံ
၈။ ပါ၏ဟုဖော်ပြထား၏။ ပညတ်တရားတော်အတိုင်း
လိုက်နာရသောဝတ်ပြုနည်းများကို ရည်ညွှန်းလျက်၊
ခရစ်တော်က၊ မီးရှို့ရာယဇ်၊ အပြစ်ဖြေရာယဇ် အစရှိ
သောယဇ်များနှင့်ပူဇော်သက္ကာများတို့ကို ကိုယ်တော်
အလိုမရှိ၊ နှစ်သက်တော်မမူဟုဆို၏။ ဤအရာတို့
သည်ပညတ်ဥပဒေအတိုင်းပူဇော်ခြင်းဖြစ်၏။
၉။ ထို့နောက်တဖန်၊ ကိုယ်တော်က အိုသခင် အကျွန်ုပ်
သည် ကိုယ်တော်၏အလိုတော်ကို ဆောင်ရွက်ရန်
ရောက်ရှိလာပါပြီဟု ဆိုလေ၏။ ထို့ကြောင့် ဘုရား
သခင်သည်ယခင်ကပူဇော်ခြင်းဖြစ်သည့် ပထမဝတ်
ပြုမှုကိုပယ်၍ ခရစ်တော်၏ ပူဇော်ခြင်းဖြစ်သော ဒုတိ
ယဝတ်ပြုခြင်းကို တည်စေတော်မူသည်။
၁၀။ အလိုတော်နှင့်အညီ၊ ခရစ်တော်သည် မိမိကိုယ်ကို
တစ်ကြိမ်တည်း အပြီးအပိုင်ပူဇော်တော်မူခြင်းအား
၁၁။ ဖြင့်၊ ငါတို့သည် သန့်ရှင်းစင်ကြယ်လာကြ၏။ ယဇ်
ပုရောဟိတ်ရဟန်းတိုင်းသည် နေ့စဉ်နေ့တိုင်းရပ်၍
မိမိ၏ ဝတ်ပြုခြင်းဝတ္တရားများကို ဆောင်ရွက်လျက်
မည်သည့်အခါမျှ အပြစ်ဖြေလွှတ်နိုင်စွမ်းမရှိသည့်
၁၂။ ယဇ်ကို အဖန်တလဲလဲ ပူဇော်ကြသည်။ သို့သော်
ခရစ်တော်မူကား ကာလအဆက်ဆက်အတွက် အပြစ်

ဖြေလွှတ်ခြင်းရရှိရန် တစ်ခုတည်းသော ယဇ်ကိုပူဇော်
တော်မူပြီးနောက်၊ ဘုရားသခင်၏ လက်ယာတော်
၁၃။ ဖက်၌ စံပယ်တော်မူ၏။ ဘုရားသခင်သည် မိမိ၏
ရန်သူတို့ကို မိမိ၏ခြေဖဝါးတော်အောက်သို့ ချထား
တော်မူသည့်တိုင်စောင့်ဆိုင်းလျက် နေတော်မူ၏။
၁၄။ အကြောင်းမူကား ကိုယ်တော်သည် မိမိကိုယ်ကိုတစ်
ကြိမ်းတည်းသာ ပူဇော်ခြင်းအားဖြင့်သန့်ရှင်းမြင့်မြတ်
စေသော သူတို့အား ထာဝရစုံလင်ခြင်း ကျေးဇူးတော်
၁၅။ တော်ကိုရရှိစေတော်မူ၏။ ထိုသို့နှင့်အညီ သန့်ရှင်း
သော ဝိညာဉ်တော်သည်လည်း ငါတို့အား သက်သေ
၁၆။ ခံတော်မူသည်မှာ နောင်လာမည့်နေ့ရက်တို့၌ သူတို့
နှင့်ငါ ပြုမည့် ပဋိညာဉ်တရားဟူမူကား၊ ငါသည်
သူတို့၏ စိတ်နှလုံးထဲသို့ ငါ၏ ပညတ်တော်တို့ကို
ထည့်သွင်းပေး၍ သူတို့၏ နှလုံးသားပေါ်တွင်လည်း
၁၇။ ရေးသားထားမည်ဟု မိန့်တော်မူ၏။ ထို့နောက်
ငါသည် သူတို့၏အပြစ်များနှင့် မကောင်းဒုစရိုက်
များကို သိမှတ်တော့မည် မဟုတ်ဟု မိန့်တော်မူပြန်
၁၈။ ၏။ ထို့ကြောင့် ဤကဲ့သို့သော အပြစ်များဖြေလွှတ်
ခြင်းခံရလျှင် အပြစ်များအတွက် အပြစ်ဖြေရာယဇ်
ပူဇော်သက္ကာများကိုလိုအပ်တော့မည်မဟုတ်ပေ။

## အဆုံးတိုင်တည်ကြည်မြဲမြံလော့

၁၉။ ထို့ကြောင့် ညီအစ်ကိုတို့၊ ခရစ်တော်**ယေရှု** ၏သွေး
တော်အားဖြင့် ကိုယ်တော်၏ ခန္ဓာကိုယ်တည်းဟူ
၂၀။ သော ဗိမာန်တော်ကန့်လန့်ကာကိုဖြတ်၍ ကိုယ်တော်
သည် ငါတို့အတွက်ဖွင့်လှစ်ထားသော အသက်ရှင်
ခြင်းနည်းလမ်းသစ်အားဖြင့် သန့်ရှင်းရာဌာနသို့ ဝင်
၂၁။ ခွင့် ရရှိကြ၏။ ငါတို့တွင် ဘုရားသခင်၏ အိမ်တော်
၂၂။ ကိုအုပ်ချုပ်သော ယဇ်ပုရောဟိတ်ရဟန်းချုပ်တစ်ပါး
ရှိသည်ဖြစ်၍ ငါတို့သည် မိမိတို့၏ အတွင်းစိတ်ကို
မကောင်းသော ဩတ္တပ္ပစိတ်နှင့် ကင်းစင်စေပြီးခန္ဓာ
ကိုယ်များကို သန့်ရှင်းသောရေနှင့် ဆေးကြောလျှက်
ရိုးသားသောစိတ် ယုံကြည်အားကိုးသောစိတ်ဖြင့်
၂၃။ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ကြကုန်အံ့။ ငါတို့
သည် မိမိတို့ဝန်ခံသော မျှော်လင့်ခြင်းကိုစွဲမြဲစွာထား
ကြကုန်အံ့။ အကြောင်းမူကား၊ ကတိထားတော်မူ
၂၄။ သောသူသည် သစ္စာရှိတော်မူ၏။ ထိုမှတစ်ပါး ငါတို့
သည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက်
ချစ်ခင်ရန်နှင့် ကောင်းကျိုးပြုစေခြင်းငှါ မည်သို့တိုက်
တွန်းနှိုးဆော်နိုင်မည်ကိုထောက်ရှုဆင်ခြင်ကြကုန်အံ့။
၂၅။ သင်တို့အထဲမှ အချို့လူတို့သည် စုဝေးဝတ်ပြုခြင်း
အမှုများကိုစွန့်လွှတ်ကြသကဲ့သို့ သင်တို့သည်လည်း
မပြုလုပ်ကြနှင့်။ တရားစီရင်မည့်နေ့ ရောက်လုနီးပြီ
ဖြစ်၍ သင်တို့အချင်းချင်း တစ်ယောက်ကိုတစ်
ယောက် အားပေးကြလော့။
၂၆။ အကယ်၍ ငါတို့သည် သမ္မာတရားကိုသိရှိပြီးမှ မိမိ
အလိုဆန္ဒကိုလိုက်၍ အပြစ်ကျူးလွန်ပါလျှင် အပြစ်
ဖြေရာယဇ်ကို နောက်တစ်ဖန် ပူဇော်ခွင့်ရရှိတော့မည်
၂၇။ မဟုတ်ပေ။ သို့သော် ငါတို့သည် အပြစ်ဒဏ်စီရင်
ခြင်းခံရမည့် အကြောင်းကိုလည်းကောင်း ဘုရား
သခင်ကိုဆန့်ကျင်သော သူတို့အား လောင်ကျွမ်းစေ
မည့် အမျက်တော်မီးကိုလည်းကောင်း ကြောက်ရွံ့
စိုးရိမ်စိတ်ဖြင့်သာ စောင့်မျှော်နေကြရန်သာ ရှိတော့
၂၈။ သည်။ **မိုးဇက်**၏ ပညတ်တရားကို ချိုးဖောက်သူမှန်
သမျှသည် အသိသက်သေနှစ်ဦး သို့မဟုတ်သုံးဦးတို့
၏ ထွက်ဆိုချက်အရ၊ အပြစ်ရှိကြောင်းတွေ့ရှိပါလျှင်
သနားညှာတာမှုမရရှိပဲ သေရ၏။
၂၉။ ဘုရားသခင်၏ သားတော်ကို ရှုတ်ချသူများသည်
မည်သို့ဖြစ်မည်ကိုသင်တို့ထင်ကြသနည်း။ မိမိအား
မွန်မြတ်စေသော ပဋိညာဉ်တရား၏သွေးကို ညစ်ညူး
စေလျက်၊ ကျေးဇူးတော်ပေးသည့် သန့်ရှင်းသော ဝိ
ညာဉ်တော်ဘုရားအား ထိခိုက်စော်ကားသောသူသည်
မည်မျှလောက် ကြီးလေးသောဒဏ်ခံရမည်ကို သင်
၃၀။ တို့စဉ်စား၍သာကြည့်ကြလော့။ အကြောင်းမူကား
လက်စားချေခြင်းသည် ငါ၏အမှုဖြစ်၍ငါသည်ပြန်၍
လက်စားချေမည်ဟူ၍လည်းကောင်း၊ တဖန်ထာဝရ
ဘုရားသည် မိမိလူမျိုးစုတော်အားတရားစီရင်တော်မူ
မည်ဟူ၍လည်းကောင်း မိန့်တော်မူသောသူသည်
မည်သူ ဖြစ်သည်ကို ငါတို့သိရှိကြ၏။
၃၁။ အသက်ရှင်တော်မူသောဘုရားသခင်၏လက်တော်သို့
ကျရောက်ရခြင်းသည်ကြောက်မက်ဖွယ်ကောင်းလှပါ
သည်တကား။
၃၂။ လွန်ခဲ့သည့် အချိန်ကာလများကို သတိရကြလော့။
သင်တို့သည် အလင်း ကျေးဇူးတော်ကို ခံကြရပြီး
သည့်နောက်ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံထမ်းခဲ့ကြရ
၃၃။ ၏။ သင်တို့သည် တစ်ခါတစ်ရံ လူသူအများရှေ့
တွင်စော်ကားခြင်းနှင့် ကဲ့ရဲ့ညှဉ်းဆဲခြင်းကို ခံကြရ၍
တစ်ခါတစ်ရံ အခြားသူတို့ ကဲ့ရဲ့ညှဉ်းဆဲခြင်းခံရသော
အခါ၌လည်းသူတို့၏ဒုက္ခဆင်းရဲခြင်း၌လည်းသင်တို့
၃၄။ ပါဝင်ခံစားခဲ့ကြသည်။ သင်တို့သည်အကျဉ်းချခံနေရ

သောသူတို့အတွက်ကြင်နာသည့်စိတ်ရှိကြသည်သာမ
က၊ သင်တို့ ပိုင်ဆိုင်သောပစ္စည်းများကို အတင်း
အဓမ္မ သိမ်းယူခြင်းကိုလည်း ဝမ်းသာကျေနပ်သော
စိတ်နှင့်လက်ခံကြ၏။အဘယ်ကြောင့်ဆိုသော်သင်တို့
၌ ထိုအရာများထက်ပို၍ကောင်းမြတ်တည်မြဲသည့်
အရာရှိကြောင်းကို သိကြသောကြောင့်ပင်ဖြစ်၏။
၃၅။ထို့ကြောင့် ကြီးမြတ်သောဆုလာဒ်ကိုရရှိစေနိုင်မည့်
သင်တို့၏ယုံကြည်ခြင်းကိုမစွန့်လွှတ်ကြနှင့်။
၃၆။သင်တို့သည် ဘုရားသခင်၏ အလိုတော်ကိုလိုက်နာ
ဆောင်ရွက်နိုင်ရန်နှင့် ကတိတော်၏ အကျိုးကျေးဇူး
များကို ခံစားနိုင်ရန် ဖွဲလုံ့လရှိကြရမည်။
၃၇။အကြောင်းမူကားကြွလာတော်မူမည့်အရှင်သည်မကြာ
မြင့်မီ ရောက်ရှိလာတော်မူလိမ့်မည်။ နှောင့်နှေးကြန့်
၃၈။ကြာတော်မူလိမ့်မည်မဟုတ်။ ငါ၏ဖြောင့်မတ်သူ
သည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။
မယုံကြည်လျှင်မူကား ငါသည်သူ့ကို နှစ်သက်လိမ့်
၃၉။မည်မဟုတ်ဟု သခင်ဘုရား မိန့်တော်မူ၏။ ငါတို့
မူကားယုံကြည်ခြင်း၌လက်လျှော့သဖြင့်ပျက်စီးဆုံးရှုံး
သွားသူများမဟုတ်ပဲ၊ မိမိတို့၏ဝိညာဉ်များကယ်တင်
ခြင်းသို့ရောက်သည်တိုင်အောင် ယုံကြည်ခြင်း၌ ခိုင်
မြဲကြမည့်သူများဖြစ်ကြ၏။

## အခန်းကြီး (၁၁)
## ဘိုးဘေးတို့၏ယုံကြည်ခြင်း

၁။ ယုံကြည်ခြင်းဆိုသည်မှာ မိမိတို့မျှော်လင့်ထားသည့်
အရာ၏အာမခံချက်နှင့် မမြင်နိုင်သေးသည့် အရာကို
စွဲလမ်းအသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ အကြောင်းမူ
၂။ ကား ငါတို့၏ဘိုးဘေးတို့သည် သူတို့၏ယုံကြည်
ခြင်းကြောင့်ဘုရားသခင်၏ ချီးမွမ်းအသိမှတ်ပြုတော်
၃။ မူခြင်းကို ခံခဲ့ကြရ၏။ မမြင်နိုင်သည့်အရာထဲမှ မြင်
နိုင်သည့်အရာဖြစ် ပေါ်လာစေရန် ဘုရားသခင်သည်
အမိန့်တော်အားဖြင့် စကြာဝဠာကြီးအား ဖန်ဆင်း
တော်မူကြောင်းကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့်
၄။ သိနားလည်ကြ၏။**အေဘယ်**၏ယုံကြည်ခြင်းကြောင့်
သူဆက်သသောပူဇော်ခြင်းသည် **ကိန်း**ဆက်သသော
ပူဇော်ခြင်းထက်ပို၍ မွန်မြတ်လက်ခံဖွယ်ရာ ဖြစ်၏။
ဘုရားသခင်သည်သူ့အား ဖြောင့်မတ်သူအဖြစ် အသိ
အမှတ်ပြု၍ သူ၏ယဇ်ပူဇော်ခြင်းကို နှစ်သက်လက်ခံ
တော်မူသည်။**အေဘယ်**မူကား သေလွန်ခဲ့ပြီးဖြစ်သော်
လည်း မိမိ၏ယုံကြည်ခြင်းအားဖြင့် ယနေ့တိုင်ဟော
၅။ ပြောသက်သေခံလျှက် ရှိနေသေး၏။ **ဧနောက်**သည်
ယုံကြည်ခြင်းအားဖြင့် သေခြင်းကိုမခံရပဲ၊ ကောင်း
ကင်သို့ ယူဆောင်ခြင်းခံရ၏။ ဘုရားသခင်သည်
သူ့ကို ယူဆောင်တော်မူသဖြင့် မည်သူမျှ သူ့ကိုရှာ၍
မတွေ့နိုင်ကြချေ။ သူသည် ယူဆောင်တော်မူခြင်းကို
မခံရမီပင်ဘုရားသခင်နှစ်သက်မြတ်နိုးသူအဖြစ်အသိ
၆။ အမှတ်ပြုခြင်းကို ခံခဲ့ရသည်။ ယုံကြည်ခြင်းမရှိလျှင်
ဘုရားသခင်အား နှစ်သက်မြတ်နိုးခြင်း မရှိနိုင်။
အကြောင်းမူကား ဘုရားသခင်ထံတော်သို့ ချဉ်းကပ်
သောသူဟူသမျှသည် ကိုယ်တော် တည်ရှိတော်မူ
ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ကို ရှာသောသူ
တို့အား အကျိုးကျေးဇူး ပေးတော်မူသည်ကို လည်း
၇။ ကောင်း၊ ယုံကြည်ကြရမည်။ **နောဧ**သည်နောင်ကာ
လ၌ ဖြစ်လတ္တံ့သောမမြင်နိုင်သည့်အချင်းအရာများ
ကိုဗျာဒိတ်တော်ခံရပြီးမှ၊ ဘုရားသခင်၏သတိပေး
ချက်ကိုယုံကြည်ခြင်းဖြင့်နာခံကာမိမိ၏မိသားစုကယ်
ဆယ်ခြင်းရရှိရန် သင်္ဘောတစ်စင်းကို တည်ဆောက်
လေသည်။ ဤသို့ဖြင့် ကမ္ဘာလူသားတို့သည် အပြစ်
ဒဏ်စီရင်ခြင်းခံရ၍ **နောဧ**မူကား ယုံကြည်ခြင်းအား
ဖြင့်ဖြောင့်မတ်ခြင်း ကျေးဇူးတော်ကိုရရှိလေသတည်း
၈။ **အာဘရာဟမ်**သည် မိမိအား အမွေခံအဖြစ်ကတိ
ထားတော်မူသော တိုင်းပြည်သို့သွားရန် ဘုရားသခင်
ခေါ်တော်မူသောအခါ၊ သူသည် မည်သည့်အရပ်သို့
သွားရမည်ကိုမသိပဲလျက်ပင်၊ ယုံကြည်ခြင်းအားဖြင့်
ဘုရားသခင်ကိုနာခံ၍ ထိုတိုင်းပြည်သို့ ထွက်ခွာ
၉။ သွားလေ၏။ ယုံကြည်ခြင်းဖြင့် သူသည် ကတိထား
တော်မူသော ထိုတိုင်းပြည်၌ ဧည့်သည်အဖြစ်နေထိုင်
ခဲ့လေ၏။ သူသည် မိမိနည်းတူ ကတိတော်ကိုခံစားရ
သော**အိဇက်**၊**ယာကုပ်**တို့ကဲ့သို့တဲထိုး၍နေထိုင်ခဲ့၏။
၁၀။အကြောင်းမှာ **အာဘရာဟမ်**သည် ဘုရားသခင် စီမံ
တည်ဆောက်ထားသည့် အုတ်မြစ်ချထားသောမြို့
တော်ကို မျှော်လင့်စောင့်စားလျက်နေသူဖြစ်၏။
၁၁။**အာဘရာဟမ်**၏ဇနီး **ဆာရာ**သည် အရွယ်လွန်သော်
လည်း သူမ၏ယုံကြည်ခြင်းအားဖြင့် ပဋိသန္ဓေတည်
နိုင်သောကျေးဇူးကိုရရှိခဲ့၏။အကြောင်းမူကား ဘုရား
သခင်သည် သူမသည်မိမိအားကတိထားတော်မူသော
၁၂။ သစ္စာတည်တော်မူမည်ကိုသူမယုံကြည်၏။ သို့ဖြစ်၍
**အာဘရာဟမ်**သည်လူသေနှင့်တူသောစွမ်းရည်မရှိအ

ရှယ်လွန်သူအဖြစ်သို့ ရောက်သော်လည်း သူမှဆင်း
သက်လာသော သားစဉ်မြေးဆက်သည်ကား မြောက်
မြားလှစွာသော ကောင်းကင်ရှိကြယ်များကဲ့သို့လည်း
ကောင်း၊ ပင်လယ်ကမ်းခြေရှိ မရေမတွက်နိုင်သော
သဲပွင့်များကဲ့သို့လည်းကောင်း၊ များပြားလှပေသ
၁၃။ တည်း။ ဤသူအပေါင်းတို့သည် ကတိတော်နှင့်စပ်
ဆိုင်သော ကျေးဇူးများကို မခံစားရမီ ဘုရားသခင်၌
ယုံကြည်လျက် သေဆုံးခဲ့ကြ၏။ သူတို့သည်
ကျေးဇူးတော်ကိုမျှော်လင့်ကာ အဝေးမှမြင်၍ဝမ်းသာ
စွာကြိုဆိုခဲ့ကြပြီ။ ကမ္ဘာမြေကြီးပေါ်တွင် ဧည့်သည်
အာဂန္တုများ ဖြစ်ကြကြောင်းကိုလည်း ပွင့်လင်းစွာဝန်
၁၄။ ခံခဲ့ကြ၏။ အကြောင်းမူကား ထိုသို့ ဝန်ခံသောသူတို့
ကမိမိတို့သည် ကိုယ်ပိုင်တိုင်းပြည်တစ်ခုကိုရှာလျက်
၁၅။ နေကြောင်းသိသာထင်ရှားစေကြ၏။ ထိုသူတို့သည်
ယခင်ကမိမိတို့ထွက်ခွာခဲ့သည့်ပြည်ကို တမ်းတကြ
သည်မှန်လျှင် ထိုပြည်သို့ပြန်ရန်အခွင့်အလမ်းရှိကြ
၁၆။ ၏။ သို့သော်သူတို့သည် ထိုပြည်ကိုမတမ်းတကြပဲ
ထိုပြည်ထက် ပိုကောင်းသော ကောင်းကင်ရွှေပြည်
တော်ကိုတမ်းတကြ၏။ ထို့ကြောင့်ဘုရားသခင်သည်
သူတို့၏ဘုရားဟူ၍ ခေါ်ခံရခြင်းကိုရှက်တော်မမူ။
ကိုယ်တော်သည် သူတို့နေထိုင်ရန် မြို့တော်ကိုတည်
၁၇။ ဆောက်တော်မူခဲ့လေသည်။**အာဗြဟမ်**သည်ဘုရား
သခင်၏ စမ်းသပ်စစ်ဆေးခြင်းကိုခံရသောအခါ ယုံ
ကြည်ခြင်းအားဖြင့် သား**အိဇက်**ကိုပူဇော်လေ၏။
၁၈။ သင်၏အမျိုးအနွယ် **အိဇက်**၌သာ ပွားများလိမ့်မည်
ဟူသောဗျာဒိတ်တော်မှစ၍ ကတိတော်များကို ရရှိခဲ့
သောသူသည် မိမိ၏တစ်ဦးတည်းသော ထိုသားကို
ပူဇော်ရန် အဆင်သင့်ရှိခဲ့၏။
၁၉။ ဘုရားသခင်သည်သေသောသူတို့ကိုပြန်လည်အသက်
ရှင်စေနိုင်ကြောင်းကို **အာဗြဟမ်** ယုံကြည်၏။
သူသည်မိမိ၏သားကိုသေရာမှပြန်လည်ရရှိသည်ဟုပုံ
၂၀။ ဆောင်၍ ပြောဆိုနိုင်ခဲ့၏။ **အိဇက်**သည်လည်း**ယာ
ကုပ်**နှင့်**ဧသော**တို့ကို ယုံကြည်ခြင်းအားဖြင့် ကောင်း
၂၁။ ချီးပေးခဲ့သည်။ **ယာကုပ်**သည်လည်း မသေမီကာလ
တွင်ယုံကြည်ခြင်းအားဖြင့်**ယောသပ်**၏သားနှစ်ယော
က် တို့ကို ကောင်းချီးပေး၍ မိမိ၏ တောင်ဝှေးပေါ်မှီ
လျက်နှင့်ပင် ဘုရားသခင်အား ရှိခိုးဝတ်ပြုလေ၏။
၂၂။ **ယောသပ်**သည်သေလုနီးပါးအချိန်၌ ရောက်သောအခါ
ယုံကြည်ခြင်းအားဖြင့်**အစ္စရေးလ်**အမျိုးသားတို့**အီဂျစ်**
ပြည်မှ လွတ်မြောက်မည့် အကြောင်းကိုရည်ညွှန်း
ပြောကြားကာ မိမိ၏အရိုးများနှင့်ပတ်သက်၍ မိန့်မှာ
၂၃။ ခဲ့သည်။ **မောရှေ**ကို ဖွားမြင်ပြီးနောက်သူ၏မိဘတို့
သည် ယုံကြည်ခြင်းအားဖြင့် သူ့ကိုသုံးလတိုင်တိုင်
ဝှက်ထားခဲ့ကြ၏။ **မောရှေ**သည် အဆင်းလှသောသူ
ငယ်ဖြစ်သည် ကိုသူတို့မြင်လျှင် ယုံကြည်ခြင်းအား
ဖြင့် **ဖာရောဘု**ရင်၏ အမိန့်တော်ကိုပင် လွန်ဆန်ရန်
၂၄။ မကြောက်ရွံ့ခဲ့ကြချေ။**မောရှေ**ကြီးပြင်း၍အရွယ်ရောက်
လာသောအခါ ယုံကြည်ခြင်းအားဖြင့် မိမိကိုယ်ကို
**ဖာရော**ဘုရင့်သမီးတော်၏သားဟူ၍ ခေါ်ဝေါ်ခြင်းအ
ခွင့်ကို ငြင်းပယ်ခဲ့၏။
၂၅။ အကြောင်းမူကား သူသည် မတည်မြဲသောစည်းစိမ်ခံ
စားခြင်းအပြစ်၌ပျော်မွေ့ခြင်းထက် ဘုရားသခင်၏လူ
မျိုးတော်နှင့်အတူဆင်းရဲဒုက္ခခံရခြင်းကိုလိုလား၏။
၂၆။ **မောရှေ**သည် ခရစ်တော်အတွက် ကဲ့ရဲ့ရှုတ်ချခံရခြင်း
သည်**အီဂျစ်**ပြည်၏ဥစ္စာစည်းစိမ်ကြွယ်ဝမှုတို့ထက်ပို
၍ တန်ဖိုးကြီးမားသည်ဟု ထင်မြင်ယူဆခဲ့၏။
အဘယ်ကြောင့် ဆိုသော်သူသည် နောင်ကာလတွင်
ရရှိမည့် ဆုလာဒ်တော်ကို မျှော်ကိုးလျက် နေသော
၂၇။ ကြောင့်ဖြစ်၏။ **မောရှေ**သည် ယုံကြည်ခြင်းအားဖြင့်
ရှင်ဘုရင်၏ အမျက်တော် သင့်မည်ကိုကြောက်ရွံ့
ခြင်းမရှိဘဲ။ **အီဂျစ်**ပြည်မှ ထွက်ခွာခဲ့၏။ အဘယ်
ကြောင့်ဆိုသော် သူသည် မျက်စိဖြင့်မတွေ့မမြင်နိုင်
သော ဘုရားသခင်အား တွေ့မြင်ရဘိသကဲ့သို့မိမိဦး
တည်ချက်အတိုင်း စွဲမြဲစွာ လုပ်ဆောင်ခဲ့၏။
၂၈။ **အစ္စရေး**အမျိုးသားတို့၏ သားဦးများအား သေမင်း
တမန်မသတ်စေခြင်းငှါ **မောရှေ**သည် ယုံကြည်ခြင်း
အားဖြင့် ပါစကားပွဲတော်ကိုစီမံကျင်းပ၍ တံခါးတိုင်
၂၉။ များကိုသွေးဖြင့်ပက်ဖြန်းစေ၏။ယုံကြည်ခြင်းအားဖြင့်
**အစ္စရေးလ်**အမျိုးသားတို့သည်ပင်လယ်နီကိုဖြတ်
ကျော်ကြ၏။ **အီဂျစ်**အမျိုးသားများ ထိုနည်းတူပြုကြ
သောအခါ၌မူရေတွင် နစ်မြုပ်သေဆုံးကြကုန်၏။
၃၀။ ယုံကြည်ခြင်းအားဖြင့် **အစ္စရေးလ်**အမျိုးသားတို့သည်
**ယေရိခို**မြို့ပတ်လည်ကိုခုနစ်ရက်တိုင်တိုင်လှည့်ပတ်ချီ
တက်ကြပြီးနောက် မြို့ရိုးများကိုပြိုကျစေ၏။
၃၁။ ပြည့်တန်ဆာမ **ရာဟပ်**သည်လည်းယုံကြည်ခြင်းဖြင့်
**အစ္စရေးလ်**သူလျှိုတို့အား ဖော်ရွေစွာ ကြိုဆိုလက်ခံခဲ့
သဖြင့် ဘုရားသခင်ကို မယုံကြည်သောသူတို့နှင့်
အတူအသတ်ခံရခြင်းမှ လွတ်ငြိမ်းချမ်းသာရခဲ့၏။
၃၂။ ထို့အပြင် ငါသည် မည်သည့်အရာကိုဆက်လက်၍
ဖော်ပြရန်လိုသေးသနည်း။**ဂိဒေအုံ**၊ **ဗာရက်**၊**ရှံဆွန်**၊

**ဂျက်ဖသာ၊ဒေးဗစ်၊ ဆာမြူအဲလ်**နှင့်တကွပရောဖက်
အပေါင်းတို့၏ အကြောင်းများကို ဖော်ပြရန်အချိန်လုံ
၃၃။ လောက်မည်မဟုတ်၊ ထိုသူတို့သည် ယုံကြည်ခြင်း
အားဖြင့် အခြားသောတိုင်းနိုင်ငံများကိုနှိမ်နင်းအောင်
မြင်ကြခြင်း၊ တရားသဖြင့် စီရင်ခြင်း ကတိတော်
၃၄။ အတိုင်းခံစားရရှိခြင်း၊ ခြင်္သေ့များ၏နှုတ်ကိုပိတ်ခြင်း၊
မီးအရှိန်ကို ငြိမ်းစေခြင်း၊ ဓားဘေးမှကင်းလွတ်ခြင်း၊
ဖျားနာခြင်းမှပျောက်ကင်းချမ်းသာမှုရရှိခြင်း၊ စစ်ပွဲ၌
ခွန်အားသတ္တိနှင့် ပြည့်စုံ၍ တိုင်းတစ်ပါးတို့၏တပ်
များကို ဖြိုခွင်းဖျက်ဆီးခြင်းအမှုတို့ကို ပြုလုပ်ဆောင်
၃၅။ ရွက်ခဲ့ကြ၏။ အချို့သောအမျိုးသမီးတို့သည်လည်း
သေရာမှရှင်ပြန်ထမြောက်သောသူတို့ကိုပြန်လည်ရရှိ
ကြ၏။ သို့သော် အချို့သောသူတို့သည် သာ၍မွန်
မြတ်သောရှင်ပြန်ထမြောက်ခြင်းကိုရရှိစေရန်အတွက်
လွတ်မြောက်ခြင်းကိုလက်မခံဘဲ ညှင်းဆဲနှိပ်စက်ခြင်း
၃၆။ ကို ခံခဲ့ရကြ၏။ အချို့သောသူတို့သည် တိုင်တွင်
ချည်၍ ရိုက်နှက်ခြင်းကိုခံခဲ့ကြရ၏။ အချို့တို့မူကား
သံကြိုးဖြင့်ခတ်၍အကျဉ်းချထားခြင်း ခံခဲ့ကြရ၏။
၃၇။ သူတို့သည် ကျောက်ခဲနှင့်ပေါက်ခြင်း၊ လွှနှင့်နှစ်ပိုင်း
ပိုင်းဖြတ်ခြင်း၊ ဓား နှင့် ခုတ်သတ်ခြင်းတို့ကို ခံခဲ့ရ
ကြ၏။ သူတို့သည် အလွန်ဆင်းရဲနွမ်းပါးကြ၍ နှိပ်
စက်ခြင်း၊ မတရားအနိုင်အထက်ပြုခြင်းတို့ကို ခံရကာ
သိုးရေ၊ ဆိတ်ရေ တို့ကိုသာဝတ်၍ လှည့်လည်သွား
၃၈။ လာရကြ၏။ ဤကမ္ဘာလောကသည် သူတို့နှင့်
မထိုက်တန်၍ သူတို့သည် တောကန္တာရများနှင့်
တောင်တန်းဒေသများသို့ လှည့်လည်သွားလာကြပြီး၊
လိုဏ်ဂူများနှင့် မြေတွင်းများတွင် နေထိုင်ကြရ၏။
၃၉။ မည်သို့ပင်ဖြစ်စေကာမူ ဤသူအပေါင်းတို့သည် မိမိ
တို့၏ ယုံကြည်ခြင်းကြောင့် ချီးမွမ်းခြင်းကို ခံရကြ
၏။ သို့ရာတွင် သူတို့သည် ဘုရားသခင် ကတိထား
သောကျေးဇူးတော်ကိုမခံစားခဲ့ကြရချေ။
၄၀။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် သည်ငါတို့အ
တွက်ပို၍ ကောင်းမွန်သော စီမံမှုကိုပြုတော်မူခဲ့၏။
ကိုယ်တော်၏ ရည်ရွယ်ချက်မှာထိုသူတို့သည် ငါတို့
မပါဝင်ဘဲစုံလင်ခြင်းသို့ မရောက်ရှိစေရန်ပင်ဖြစ်၏။

## အခန်းကြီး (၁၂)

### ယေရှုခရစ်တော်၏စံနမူနာ

၁။ ငါတို့ပတ်လည်၌ ဤမျှများပြားလှစွာသော သက်သေ
များဝိုင်းရံလျက်ရှိသည်ဖြစ်၍ ငါတို့အားဝန်ပိစေသည့်
ခပ်သိမ်းသောအရာတို့ကိုလည်းကောင်း၊ ငါတို့၌ ညို
တွယ်နေသည့် အပြစ်ဒုစရိုက်ကိုလည်းကောင်း ဖယ်
ရှားပြီးလျှင် ငါတို့ရှေ့မှောက်တွင်ရှိသော ပန်းတိုင်သို့
ရောက်ခြင်းငှါ ခွဲလုံးလဖြင့်ပြေး ကြကုန်အံ့။
၂။ ငါတို့၏ ယုံကြည်ခြင်းတရားကို အစပျိုးခဲ့၍စုံလင်
ခြင်းသို့ရောက်သည့်တိုင်အောင် ဦးဆောင်ပေးသော
**ယေရှု**သခင်ကိုမျက်မှောက်ပြုကြကုန်အံ့။ ကိုယ်တော်
သည် မိမိခံစားရမည့်ဝမ်းမြောက်ခြင်းအတွက် လက်
ဝါးကပ်တိုင်တင်ခြင်းကို ရှက်ဖွယ်ရာ အပြစ်မှတ်
တော်မမူဘဲ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပြီး
လျှင် ဘုရားသခင်၏ ပလ္လင်တော်လက်ယာဖက်တွင်
၃။ စံပယ်တော်မူ၏။ အပြစ်ရှိသောသူတို့၏မုန်းတီးဆန့်
ကျင်မှုကြောင့် ကိုယ်တော်သည် မည်မျှလောက် ဒုက္ခ
ခံရတော်မူကြောင်းကိုထောက်ရှုစဉ်းစားကြည့်ကာစိတ်
၄။ ပျက် အားလျော့ခြင်း မရှိကြလေနှင့်။ သင်တို့သည်
အပြစ်ဒုစရိုက်ကို တွန်းလှန် တိုက်ခိုက်ကြရာတွင်
သွေးမြေကျသည်အထိ ခုခံတိုက်ခိုက် နေရသေးသည်
မဟုတ်။

### ဘုရားသခင်၏သွေးမြေကျဆုံးမတော်မူခြင်း

၅။ သင်တို့ကို ဘုရားသခင်၏ သားသမီးများဟုခေါ်ဝေါ်
သည့် အားတက်ဘွယ်ကောင်းသော ကျမ်းချက်ကို
သင်တို့မေ့လျော့ကြပြီလော။ ထိုကျမ်းချက်ဟူမူကား၊
ငါ့သား၊ သင်တို့ ထာဝရဘုရား ပဲ့ပြင်တော်မူသော
အခါ။ ဂရုတစိုက်နာခံလော့၊ဆုံးမတော်မူသောအခါ၌
လည်း စိတ်ပျက်ငြီးငြင်ခြင်းမရှိလေနှင့်။
၆။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည်မိမိချစ်ခင်
တော်မူသောသူတို့ကို သွန်သင်ပဲ့ပြင်တော်မူ၍သားအ
ဖြစ်လက်ခံသော သူတို့ကို ဆုံးမတော်မူတတ်သော
၇။ ကြောင့်ဖြစ်၏။ သင်တို့ခံရသော ဒုက္ခဆင်းရဲကို ဖခင်
၏ဆုံးမခြင်းအဖြစ်ဖြင့်ခံထမ်းကြလော့။ အကြောင်းမူ
ကား၊ ဖခင်မဆုံးမသည့်သားဟူ၍ရှိသလော။
၈။ ဆုံးမပဲ့ပြင်ခြင်းကို သင်တို့မခံယူကြလျှင် သင်တို့
သည် သားရင်းများမဟုတ်ကြဘဲ တရားမဝင်သော
သားများဖြစ်ကြပေ လိမ့်မည်။
၉။ ငါတို့အားဆုံးမပဲ့ပြင်ပေးသော၊ လူသားဖခင်ကိုငါတို့
ရှိသေလေးစားကြ၏။ သို့ဖြစ်လျှင် ငါတို့သည် ထာဝ
ရအသက် ရရှိရန် ဝိညာဉ်ရေးဆိုင်ရာ ဖခင်၏ ဆုံးမ
ပဲ့ပြင်ခြင်းကိုမည်မျှပို၍ခံယူသင့်ကြပါသနည်း။

၁၀။ ငါတို့၏လူသားဖခင်များသည် မိမိတို့ သဘောအရ
သင့်တော်သည်ဟု ထင်မှတ်ကြသည့်အတိုင်း၊ ဤတို
တောင်းသော ငါတို့ဘဝသက်တာကိုရှေ့ရှု၍ပဲ့ပြင်ဆုံး
မပေးတတ်ကြ၏။ သို့ရာတွင် ဘုရားသခင်မူကား၊
ငါတို့၏ ကောင်းကျိုးကို ရှေ့ရှု၍ကိုယ်တော်၏ သန့်
ရှင်းခြင်း၌ ပါဝင်ခံစားနိုင်ကြစေရန် ငါတို့အားပဲ့ပြင်
၁၁။ ဆုံးမတော်မူပေသည်။ ဆုံးမပဲ့ပြင် ခံရခြင်းဟူသမျှ
သည် ခံရစဉ်ခဏတာအချိန်၌ ကြည်နူးစရာမဟုတ်
ဘဲဝမ်းနည်းနာကြည်းစရာဟုထင်မှတ်ရ၏။ သို့သော်
နောက်ပိုင်းတွင် ဆုံးမခြင်း ခံရကြသောသူတို့သည်
ငြိမ်းချမ်းသာယာခြင်း၏ ကောင်းကျိုးဖြစ်သောဖြောင့်
မတ်ခြင်းကျေးဇူးကို ရရှိကြလေသည်။

## သတိပေးနှိုးဆော်ချက်များ

၁၂။ ထို့ကြောင့် သင်တို့၏နွမ်းနယ်သည့် လက်များကိုပင့်
မြှောက်၍တုန်ရီနေသည့်ဒူးများကိုခိုင်ခန့်စေကြလော့။
၁၃။ သင်တို့သွားရာလမ်းကို ဖြောင့်ဖြူးစေကြလော့။ သို့မှ
သာလျှင် ခြေမစွမ်းသောသူတို့သည်သန်စွမ်းလာကာ
၁၄။ ပျောက်ကင်း ချမ်းသာမှုရရှိကြပေမည်။ လူတိုင်းနှင့်
ငြိမ်းချမ်းစွာနေနိုင်ရန်အတွက် ကြိုးစားကြလော့။ မွန်
မြတ်သန့်ရှင်းရန် ကြိုးစားကြလော့။ မွန်မြတ်သန့်
ရှင်းခြင်းမရှိလျှင်မည်သူမျှဘုရားသခင်ကိုဖူးမြင်ရလိမ့်
၁၅။ မည်မဟုတ်။ မည်သူမျှ ဘုရားသခင်၏ကျေးဇူးတော်
ကိုမခံစားရဘဲမရှိစေနှင့်။ ထိုသို့မဟုတ်လျှင် ခါးသီး
သော အပင်ပေါက်လာ၍ ၎င်း၏အဆိပ်သည် သင်
တို့ထဲမှ လူအများအပြားကို ပျက်စီးစေနိုင်၏။
၁၆။ အဘယ်သူမျှ **ဧသော**ကဲ့သို့ အကျင့်သီလပျက်၍
ဘုရားတရားမဲ့သူ မဖြစ်စေနှင့်။ **ဧသော**သည် သားဦး
၁၇။ အရာကို အစာတစ်နပ်စာဖြင့်ရောင်းခဲ့သည်။သင်တို့
သိကြသည့်အတိုင်း ထို့နောက်မှ**ဧသော**သည်ကောင်း
ချီး မင်္ဂလာအမွေကို ခံယူလိုသောအခါ မရရှိခဲ့ချေ။
ဖခင်ထံ မျက်ရည်ဖြင့် အသနားခံခဲ့သော်လည်းငြင်း
ပယ်ခြင်းခံရကာမိမိ၏ဆုံးဖြတ်ချက်ကိုပြန်လည် ပြင်
ဆင်ရန်နည်းလမ်းကိုလည်းရှာမတွေ့နိုင်ခဲ့ပေ။
၁၈။ ထိုမှတစ်ပါးသင်တို့သည်**အစ္စရေးလ်**လူမျိုးများကဲ့သို့
အာရုံများနှင့်သိရှိနိုင်သော **ဆီနာ**တောင်သို့ ရောက်ရှိ
နေကြသည်မဟုတ် **ဆီနာ**တောင်တွင်၊ မီးတောက်
ခြင်း၊ မှောင်မဲညိုမှိုင်းခြင်း၊ မိုးသက်မုန်တိုင်းကျခြင်း၊
တံပိုးခရာမှုတ်သံနှင့်ဗျာဒိတ်တော်အသံများ ထွက်ပေါ်
၁၉။ လာခဲ့၏။ ထိုအသံတော်ကိုကြားရသော သူတို့သည်
ထပ်မံ၍ မိန့်တော်မမူပါမည့် အကြောင်းတောင်းပန်ခဲ့
၂၀။ ကြ၏။ အဘယ်ကြောင့်ဆိုသော် လူကိုမဆိုထားနှင့်
တိရစ္ဆာန်ပင်ထိုတောင်ကို သွား၍ထိပါကခဲနှင့်ပေါက်
သတ်ခြင်းခံရမည်ဟူသော ပညတ်အမိန့်သံကိုမနာခံဝံ့
၂၁။ သောကြောင့်ဖြစ်၏။ ထိုမြင်ကွင်း တစ်ခုလုံးသည်
အလွန် ထိတ်လန့်ဖွယ်ကောင်းသဖြင့်၊ **မိုးဇက်**ကငါ
သည် ကြောက်ရွံ့တုန်လှုပ်လျက်နေသည်ဟုဆိုခဲ့၏။
၂၂။ သင်တို့သည်**ဇိအုန်**တောင်သို့လည်းကောင်း အသက်
ရှင်တော်မူသော ဘုရားသခင်၏ မြို့တော်တည်းဟူ
သော အတိုင်းမသိများစွာသော ကောင်းကင်တမန်
တော်တို့စုဝေးရာကောင်းကင်**ဂျေရုဆလင်**မြို့တော်သို့
လည်းကောင်း ရောက်ရှိနေကြပြီဖြစ်၏။
၂၃။ သင်တို့ အားလုံးသည် ကောင်းကင်ဘုံ စာရင်းဝင်
ဘုရားသခင်၏သားဦးများစုဝေးရာသို့ရောက်ရှိနေကြ
၏။ သင်တို့သည်ခပ်သိမ်းသောလူတို့ကိုတရားစီရင်
တော်မူသည့် ဘုရားသခင်၏ အထံတော်သို့လည်း
ကောင်း စုံလင်ခြင်းသို့ရောက်ရှိကြသောဖြောင့်မတ်သူ
တို့၏ ဝိညာဉ်များစံရာနေရာသို့လည်းကောင်းရောက်
၂၄။ ရှိလျက်နေကြ၏။ သင်တို့သည် ပဋိညာဉ်တော်သစ်
တွင်ကြားဝင်ဖြန်ဖြေပေးတော်မူသော **ယေရှု**သခင်၏
အထံတော်သို့လည်းကောင်း၊ **အေဘယ်**၏သွေးထက်
သာ၍အကျိုးရှိစွာ တောင်းဆိုပေးသည့် ပက်ဖျန်းထား
သောသွေးတော်ထံသို့လည်းကောင်း ရောက်ရှိနေ
၂၅။ ကြ၏။ သင်တို့သည် ဘုရားသခင်မိန့်တော်မူသမျှ
တို့ကို မငြင်းပယ်ရန် သတိပြုကြလော့၊ အကယ်၍
ကမ္ဘာမြေပေါ်တွင် ဗျာဒိတ်တော်ကိုဆင့်ဆိုသောသူ၏
စကားကိုငြင်းပယ်သော သူတို့သည် အပြစ်ဒဏ်မှ
မလွတ်လျှင် ကောင်းကင်ဘုံမှ မိန့်တော်မူသောအရှင်
၏စကားကို ငါတို့သည်နားမထောင်ဘဲ နေကြပါက
မည်မျှလောက်ပို၍ ကြီးစွာသောအပြစ်ဒဏ် စီရင်ခြင်း
၂၆။ ကိုခံကြရပေမည်နည်း။ ထိုစဉ်အခါက ကိုယ်တော်၏
အသံတော်သည် ကမ္ဘာမြေကြီးကို တုန်လှုပ်စေတော်
မူ၏။ ယခုတဖန် ကိုယ်တော်ကငါသည်ကမ္ဘာမြေကြီး
ကိုသာမက၊ ကောင်းကင်ကိုလည်းနောက်တစ်ကြိမ်
တုန်လှုပ်စေဦးမည်ဟု ငါတို့အားကတိထားတော်မူ
၂၇။ လေ၏။ နောက်တစ်ကြိမ်ဟူသော စကားအဓိပ္ပာယ်
မှာ တုန်လှုပ်ခြင်းခံရသော ဖန်ဆင်းခံအရာခပ်သိမ်း
တို့ကို ဖယ်ရှားတော်မူ၍ မတုန်လှုပ်နိုင်သော အရာ
တို့သာလျှင် ကျန်ရစ်တည်ရှိကြလိမ့်မည်ဟု ဆိုလိုသ

၂၈။ တည်း။ ထို့ကြောင့် ငါတို့သည်မတုန်လှုပ်နိုင်သော
နိုင်ငံတော်ကို ရရှိကြသည်ဖြစ်၍ ကျေးဇူးတော်ကိုချီး
မွမ်းကြစို့။ ငါတို့သည် ဘုရားသခင်အား ကျေးဇူးတုံ့
ပြန်၍ ကြောက်ရွံ့ရိုသေသောစိတ်နှင့် ကိုယ်တော် နှစ်
သက်တော်မူသည့်အတိုင်း ရှိခိုးဝတ်ပြုကြကုန်အံ့။
၂၉။ အဘယ်ကြောင့်ဆိုသော်ငါတို့၏ ဘုရားသခင်သည်
ကျွမ်းလောင်စေတတ်သောမီးဖြစ်တော်မူသောကြောင့်
တည်း။

## အခန်းကြီး (၁၃)

## နောက်ဆုံးတိုက်တွန်းနိုးဆော်ချက်များ

၁။ သင်တို့သည် ညီအစ်ကိုချင်းကဲ့သို့ ချစ်ခြင်းမေတ္တာ
၂။ အပြန်အလှန်တည်စေကြလော့။ သူစိမ်းတို့အားဧည့်
ဝတ်ပြုရန် မလစ်ဟင်းစေနှင့် အချို့သောသူတို့သည်
ကောင်းကင်တမန်တို့ကို အမှတ်မထင်ဧည့်ခံခဲ့ကြ၏။
၃။ သင်တို့သည်အကျဉ်းချခံနေရသူများနှင့်အတူအကျဉ်း
ချခံရသကဲ့သို့မှတ်ယူ၍ သူတို့ကို အောက်မေ့သတိရ
ကြလော့။ ထို့အတူ သင်တို့သည် ဒုက္ခဆင်းရဲခြင်းကို
မိမိတို့ကိုယ်တိုင်ခံရသကဲ့သို့ဒုက္ခဆင်းရဲခြင်းခံရသော
သူများကိုလည်းအောက်မေ့သတိရကြလော့။ သင်တို့
၌ခန္ဓာကိုယ်စီရှိကြသည်ကိုသတိရကြလော့။
၄။ ထိမ်းမြားမင်္ဂလာပြုခြင်းအမှုကို လူတိုင်းလေးစားကြရ
မည်။ ခင်ပွန်းနှင့်ဇနီးတို့သည် တစ်ဦးကိုတစ်ဦးသစ္စာ
ရှိရမည်။ ဘုရားသခင်သည် အကျင့်တရားပျက်သူ
နှင့် သူတစ်ပါး၏အိမ်ရာကို ပြစ်မှားသူတို့အားအပြစ်
ဒဏ်စီရင်တော်မူလိမ့်မည်။
၅။ သင်တို့ဘဝကို ငွေကြေးတပ်မက်ခြင်းနှင့် ကင်းလွတ်
စေ၍ မိမိ၌ရှိသမျှဥစ္စာဖြင့်သာ တင်းတိမ်ရောင့်ရဲကြ
လော့။ အဘယ်ကြောင့် ဆိုသော်ငါသည်သင့်ကိုမည်
သည့်အခါမျှ မစွန့်လွှတ်။ မည်သည့်အခါမျှလည်း
အလျင်းပစ်ပယ်ထားမည်မဟုတ်ဟု ဘုရားသခင်
၆။ မိန့်တော်မူခဲ့သောကြောင့်ဖြစ်၏။ ထို့ကြောင့် ထာဝရ
ဘုရားသည် ငါ့ကို ကူညီမစတော်မူသော သခင်ဖြစ်
တော်မူသဖြင့် ငါသည် ကြောက်ရွံ့လိမ့်မည်မဟုတ်၊
လူတို့သည် ငါ့ကိုအဘယ်သို့ ပြုနိုင်သနည်းဟု ရဲရင့်
၇။ စွာငါတို့ပြောဆိုကြစို့။ သင်တို့အား ဘုရားသခင်၏
နှုတ်ကပတ်တရားတော်ကိုဟောပြောသော သင်တို့၏
ခေါင်းဆောင်များကို အောက်မေ့ သတိရကြလော့။
သူတို့သည် မည်ကဲ့သို့ ကျင့်ကြံနေထိုင်၍သေဆုံးခဲ့
သည့် အကြောင်းတို့ကို ဆင်ခြင် သုံးသပ်ကာသူတို့
၈။ ယုံကြည်ခြင်းကိုအတုယူကြလော့။ ခရစ်တော်**ယေရှု**
သည်မနေ့၊ ယနေ့၊ နောင်ကာလ၊ အစဉ်အမြဲမပြောင်း
၉။ မလဲ တည်ရှိတော်မူ၏။ သင်တို့သည်ကွဲလွဲထူးခြား
သော အယူဝါဒ အမျိုးမျိုးတို့၏ ဆွဲဆောင်ခြင်း၌
၁၀။ လမ်းလွဲ၍ မသွားကြနှင့်။ သင်တို့၏စိတ်ဝိညာဉ်
ခွန်အားသည် အစာအားဖြင့် ရရှိသည် မဟုတ်ဘဲ၊
ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် သာရရှိ၏။
အစားအစာကို တပ်မက်သော သူတို့သည် ကောင်း
ကျိုးကိုမခံရကြပေ။ တဲတော်၌ အမှုတော်ထမ်းဆောင်
နေသောသူတို့သည် ငါတို့၏ ယဇ်ပလ္လင်မှမည်သည့်
၁၁။ ပူဇော်သက္ကာကိုမျှ စားပိုင်ခွင့်မရှိ။ ယဇ်ပုရောဟိတ်
ရဟန်းသည် တိရစ္ဆာန်များ၏ အသွေးကိုသန့်ရှင်းရာ
ဌာနတွင် ပူဇော်ပြီးသောအခါ ယဇ်ကောင်တို့၏ရုပ်
ကြွင်းအစိတ်ပိုင်းများကို တဲအပြင်၌ မီးရှို့ပစ်ရ၏။
၁၂။ ဤအကြောင်းကြောင့်သခင်**ယေရှု**သည်လည်း မိမိ
၏အသွေးတော်အားဖြင့်လူအပေါင်းတို့ကို ဆေးကြော
သန့်စင်စေခြင်းငှါ မြို့တံခါး၏ အပြင်ဘက်၌ ဒုက္ခ
၁၃။ စရိယာခံ၍အသေခံတော်မူ၏။ သို့ဖြစ်၍ ငါတို့သည်
လည်းကိုယ်တော်ရှိရာမြို့အပြင်ရှိ မွန်မြတ်သည့်နေရာ
သို့သွား၍ကိုယ်တော်နှင့်အတူကဲ့ရဲ့ရှုတ်ချခြင်းကိုခံကြ
ကုန်အံ့။
၁၄။ အဘယ်ကြောင့်ဆိုသော် ဤလောက၌ ငါတို့အတွက်
တည်မြဲသောမြို့မရှိသောကြောင့်ဖြစ်၏။ ငါတို့သည်
နောင်လာ လတ္တံ့သောမြို့ကို စောင့်မျှော်လျက် ရှိကြ
၁၅။ ၏။ ထို့ကြောင့်ငါတို့သည် ကိုယ်တော်ကို ငါတို့၏
အရှင်သခင်အဖြစ် ဝန်ခံသောနှုတ်များဖြင့် ဂုဏ်
တော်ချီးမွမ်းခြင်းယဇ်ကိုသခင်**ယေရှု**အားဖြင့် ဘုရား
သခင်အား အစဉ်မပြတ်ပူဇော်ကြကုန်အံ့။
၁၆။ သင်တို့သည် ကောင်းမှုကုသိုလ်ပြုခြင်းနှင့် ပစ္စည်း
ဥစ္စာဝေမျှခြင်းတို့ကို ပြုလုပ်ရန် မမေ့လျော့ကြနှင့်။
ထိုသို့သော ကရုဏာလုပ်ငန်းများကို ဘုရားသခင်
၁၇။ နှစ်သက်တော်မူ၏။ သင်တို့၏ ခေါင်းဆောင်များ၏
စကားများကိုကျိုးနွံနာခံကြလော့။ အကြောင်းမူကား
သူတို့သည် သင်တို့၏စိတ်ဝိညာဉ်များနှင့် ပတ်သက်
၍ ဘုရားသခင်ကို အစီရင်ခံရသောကြောင့် သင်တို့
၏ဝိညာဉ်များကို ကြည့်ရှုစောင့်ရှောက်ကြရ၏။
သူတို့သည် ဤအမှုတော်ကို ဝမ်းမြောက်စွာထမ်း
ဆောင်ကြပါစေ။ သူတို့သည် ဝမ်းနည်းစွာဆောင်

ရှက်ကြရလျှင် သင်တို့တွင်လည်းမည်သို့မျှအကျိုးရှိ
၁၈။ လိမ့်မည်မဟုတ်။ ငါတို့အတွက် ဆုတောင်းပေးကြ
လော့။ အကြောင်းမူကား ငါတို့သည် မိမိတို့၏ သြ
တ္တပ္ပစိတ်ကြည်လင်သည်ကိုသိကြ၍ ခပ်သိမ်းသော
အမှုတို့၌ ဂုဏ်ရှိစွာပြုလုပ်လိုသော ဆန္ဒရှိကြသော
၁၉။ ကြောင့်ဖြစ်၏။ ဘုရားသခင်သည် ငါ့အားသင်တို့ထံ
သို့ အလျင်အမြန် ပြန်လည် စေလွှတ်ရန်အတွက်
ဆုတောင်း ပေးကြပါမည့်အကြောင်း၊ သင်တို့အား
ငါအထူးမေတ္တာရပ်ခံပါ၏။

## နိဂုံးချုပ်ဆုတောင်းမေတ္တာ

၂၀။ ထာဝရ ပဋိညာဉ်တရား၏ သွေးတော်အားဖြင့် သိုး
ထိန်းဖြစ်တော်မူသော ငါတို့၏သခင်**ယေရှု**ကို သေ
ခြင်းမှရှင်ပြန်ထမြောက်စေသော ဘုရားသခင်သည်
သင်တို့အား ငြိမ်းချမ်းသာယာခြင်းပေးတော်မူပါစေ။
၂၁။ သင်တို့သည် ဘုရားသခင်၏ အလိုတော်ကိုလိုက်နာ
နိုင်ကြစေရန် ကောင်းသောအကျင့်သီလတရားတို့၌
သင်တို့ကိုလေ့ကျင့်ပေးတော်မူပါစေ။ ဘုရားသခင်
သည် မိမိနှစ်သက်တော်မူသောအရာတို့ကို **ယေရှု**
ခရစ်တော်အားဖြင့် ငါတို့၌ ပြုပြင်ပေးတော်မူပါစေ
သော၊ **ယေရှု**ခရစ်တော်သည်ကမ္ဘာအဆက်ဆက်
ဘုန်းဂုဏ်တော်ကြီးတော်မူစေသတည်း။ အာမင်။

## နိဂုံးချုပ်အမှာစကား

၂၂။ ညီအစ်ကိုတို့ ငါသည် အကျဉ်းချုံး၍ရေးသားလိုက်
သောဤသြဝါဒအားပေးစကားများကို သည်းခံလျက်
နာယူကြရန် သင်တို့အား ငါတောင်းပန်ပါသည်။
၂၃။ ငါတို့၏ညီ**တိမောသေဦး**အကျဉ်းထောင်မှလွတ်၍လာ
ပြီဖြစ်ကြောင်းသင်တို့အားငါသိစေလို၏။ အကယ်၍
သူသည် ငါ့ထံသို့အချိန်မီရောက်ရှိလာလျှင်သူနှင့် အ
၂၄။ တူ သင်တို့ကို ငါလာတွေ့မည်။ သင်တို့၏ ခေါင်း
ဆောင်များအားလုံးနှင့် ဘုရားသခင်၏ သန့်ရှင်းသူ
အပေါင်းတို့အား နှုတ်ဆက်လိုက်ကြောင်းပြောကြား
ပါလော့။ **အီတလီ**ပြည်မှ ညီအစ်ကိုတို့ကလည်း
သင်တို့အားနှုတ်ဆက်လိုက်၏။
၂၅။ ဘုရားသခင်၏ ကျေးဇူးတော်သည် သင်တို့အားလုံး
နှင့်အတူတည်ရှိပါစေသတည်း။ အာမင်။